# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 22 September 2023 ၁၁၂၆


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခါသမယ၌ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

သဝဏ်လွှာ စာမျက်နှာ » ၃




## မြစ်ကြီးနား၊ လားရှိုးနှင့် မြိတ်မြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၅၈ ပါးတို့ကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဝေဠုဝန်ကျောင်းတိုက်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက်ရှိ ကန်မိန်းဘုန်းတော်ကြီးကျောင်းမှ သံဃာတော် ၂၄၂ ပါးနှင့် ဒေသခံပြည်သူ ၁၅ ဦးတို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

## မြေပုံမြို့၌ စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ နှုန်းဖြင့် ရောင်းချ



မြေပုံ စက်တင်ဘာ ၂၁

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့၌ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အစီအစဉ်ဖြင့် ရခိုင်ပြည်နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားသုံးဆီ လက်လီအရောင်းဈေးကားဖြင့် ယနေ့နံနက် ၈ နာရီက မြောက်ပိုင်းရပ်ကွက်ရှိစားသုံးသူ(ပြည်သူများ)သို့ စားသုံးဆီများ လက်လီဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖


**ယနေ့ ဖတ်စရာ**

**ဆုပ်မထားနှင့် ... ဖြန့်လက်များ ပေးမျှဝေရန်သာ**

ဆောင်းပါး စာမျက်နှာ » ၆

---

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေး**

စာမျက်နှာ » ၇

ကြေးမုံ

# ကျောင်းပြင်ပတစ်သက်တာပညာရေး

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ မူလတန်းပညာကို ဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ရသည့် ကလေးငယ်ပေါင်း ၂ ဒသမ ၇ သန်းခန့် ရှိကြောင်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအရ နိုင်ငံအတွင်း အသက် (၁၅) နှစ်နှင့်အထက် စာမတတ်သူပေါင်း ၄ ဒသမ ၁ သန်းခန့်ရှိသည်ဟု သတင်းထုတ်ပြန်ထားသည်။ အကြောင်းအမျိုးမျိုးဖြင့် ပညာမသင်ကြားနိုင်ခဲ့ခြင်းသည် နိုင်ငံဖွံ့ဖြိုးရေးနှင့်ဘဝတိုးတက်ရေးအတွက် နစ်နာမှုများစွာဖြစ်စေခဲ့သည်။

ထိုသို့ဖြစ်ပေါ်နေမှုကို အလျင်အမြန်ကုစားမှုမပြုပါက တိုင်းပြည်၏အနာဂတ်တွင် အနုတ်လက္ခဏာများ တိုး၍ဖြစ်ပေါ်လာနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့်အလှမ်းဝေးနေမည်ဖြစ်သည်။ စာမတတ်ခြင်း၊ ပညာမတတ်ခြင်းတို့လျော့ပါးကာ စာတတ်သူ၊ ပညာတတ်သူများ တိုးတက်ဖြစ်ပေါ်လာစေရန်အတွက် နိုင်ငံတော်အကြီးအကဲက စဉ်ဆက်မပြတ် အသိပေးလမ်းညွှန်လျက်ရှိပြီး ပညာကို ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်သူများနှင့်ပတ်သက်၍ ကျောင်းပြင်ပပညာရေးဖြင့် မူလတန်းပညာ KG+5 မှတစ်ဆင့် KG+9 သင်ကြားပေးနိုင်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် အကျယ်တဝင့် လမ်းညွှန်ထားသည်။

ပညာရေးဝန်ကြီးဌာနတွင် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနကို ဖွဲ့စည်းထားပြီး စာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်လျက်ရှိသည်ဟုသိရသည်။ လူတိုင်းလူတိုင်းသည် ပညာသင်လို၊ ပညာတတ်မြောက်လိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်ပညာသင်ကြားရမည့် အခြေအနေမှ ကင်းကွာသွားခဲ့ရခြင်းဖြစ်သည်။ အဓိကမှာ ဘဝမပြည့်စုံမှုနှင့် အခက်အခဲ အနှောင့်အယှက်များကြောင့်ဖြစ်ခဲ့သည်။ ပညာရေးနှင့် ကင်းကွာနေသော ပြည်သူများ ပညာဆက်လက်သင်ကြားနိုင်ရေးမှာ ၎င်းတို့၏စိတ်ဓာတ်ခံယူချက်နှင့် ဘဝအခြေအနေများနှင့် အဓိကသက်ဆိုင်နေသည်။ သိမ်မွေ့နက်နဲပြီး ခက်ခဲသည့် အခြေအနေဖြစ်၍ အလေးထားဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။

စာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပပညာရေးနှင့်ပတ်သက်၍ မိုးလေဝသကင်းရှင်းပြီး လယ်ယာများ၊ တောင်ယာများ ရိတ်သိမ်းပြီးချိန်တွင် စတင်ဆောင်ရွက်နိုင်ရန်နှင့် လတ်တလောစတင်ဆောင်ရွက်ရမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်အဆင့်ကို ဆွေးနွေးဆုံးဖြတ်ရန်၊ တစ်နိုင်ငံလုံး စာတတ်မြောက်မှု တိုးတက်လာရေးသည် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းသာမက ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်သူများ စာတတ်မြောက်ခြင်း၏အရေးပါမှုကို သိရှိရန်၊ နားလည်နိုင်ရန် အသိပညာပေးရေးသည် အရေးကြီးသည်ကို သတိပြုရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြောကြားခဲ့သည်။

ကျောင်းပြင်ပပညာရေးဆိုသည်မှာ ပညာလိုလားသူများ၏ လိုအပ်ချက်နှင့်အညီ ကျောင်းစနစ်ပြင်ပတွင် နည်းလမ်းတကျဆောင်ရွက်ပေးသော အစီအစဉ်ဖြစ်သည်။ စဉ်ဆက်မပြတ်ပညာရေးအစီအစဉ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးလုပ်ငန်း၊ ဘဝသာယာရေး၊ တစ်ဦးချင်းဝါသနာပါရာလုပ်ငန်း၊ အနာဂတ်ဦးတည်ပညာရေး၊ ကျောင်းတွင်းပညာရေးနှင့် တန်းညှိအစီအစဉ်တို့ပါဝင်သည်။ "ပညာရေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်ရစ်ခဲ့ခြင်း မရှိစေရ"ရည်မှန်းချက်ကို အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ အစီအစဉ်တွင် တင်းကျပ်သော သင်ကြားသင်ယူမှုလုပ်ငန်းများအစား ပြုလွယ်ပြင်လွယ်ဖြစ်သော၊ ဒေသနှင့်ဆီလျော်သော၊ ရပ်ရွာဒေသခံများကိုဗဟိုပြုသော ချဉ်းကပ်နည်းပုံစံဆောင်ရွက်ခြင်းဖြင့် သင်ယူသူများနှင့် ရပ်ရွာလူမှုအဖွဲ့အစည်းများအတွက် ပိုမိုကောင်းမွန်သောဘဝဖန်တီးလိုသည့် အသိပညာနှင့်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်နိုင်သည်။

ကျောင်းပြင်ပအစီအစဉ်သည် ခွဲခြားထားသည့် ဒုတိယတန်းစားအစီအစဉ်မဟုတ်ဘဲ ပင်မပညာရေးနှင့် တန်းညှိအစီအစဉ်ဖြစ်သည်။ အဆိုပါအစီအစဉ်များမှ သင်ယူသူလူငယ်များ ရရှိလာမည့် အသိပညာ၊ ကျွမ်းကျင်မှုကို လက်တွေ့ဘဝတွင် အသုံးချခြင်းဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်မှန်းထားသည်။ ထို့အပြင် ကျောင်းပြင်ပအစီအစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသည့် ဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများအနေဖြင့် လူမှုဘဝနှင့်ထင်ဟပ်၍ သင်ကြားရသည့်အစီအစဉ်ဖြစ်၍ ၎င်းတို့၏စွမ်းဆောင်ရည်မြင့်မားလာသော အကျိုးများကို ရရှိမည်ဖြစ်သည်။ မိဘများနှင့်ရပ်ရွာအဖွဲ့အစည်းမှ လူထုသည်လည်း ပညာတတ်လူငယ်များ၏ မွန်မြတ်သော ပြုမူဆောင်ရွက်ချက်များကြောင့် အေးချမ်းသာယာသောပတ်ဝန်းကျင်၏ ကောင်းကျိုးရလဒ်များကို ခံစားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ပညာရေးကွက်လပ်တစ်ခုဖြစ်သည့် စာမတတ်သူ၊ ပညာမသင်နိုင်သူများ မကျန်ရှိစေရေးအတွက် သိမ်မွေ့နက်နဲပြီး ထူးကဲမွန်မြတ်သည့် ကျောင်းပြင်ပပညာရေးအစီအစဉ် သို့တည်းမဟုတ် ကျောင်းပြင်ပတစ်သက်တာ ပညာရေးအစီအစဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အားလုံးလက်တွဲပါဝင်၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

မန္တလေး စက်တင်ဘာ ၂၁

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃) လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၌ စက်တင်ဘာ ၁၉ ရက်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။



စုပေါင်းသွေးလှူဒါန်းပွဲတွင် အမှတ်(၃)လုံခြုံရေးကွပ်ကဲမှုအဖွဲ့နှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ ရဲအုပ်မင်းသန့်ဦးဆောင်၍ အရာရှိ/အခြားအဆင့်ရဲတပ်ဖွဲ့ဝင်၊ မိသားစုဝင် ၇၃ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ ကွပ်ကဲရေးမှူး ရဲမှူးချုပ် ကိုကိုအောင်၊ ဦးစီးအရာရှိများ၊ မန္တလေးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာဒေါ်နီလာဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ စုပေါင်းသွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာနှင့် အားဆေးများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ငွေကြယ်

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂၁

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၈,၉၀၀ | ၁,၀၂၄ | ၉,၁၅၄,၁၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၁,၅၁၅ | ၄,၅၅၉,၇၅၀ |
| MCB | ၇,၃၀၀ | ၇,၄၀၀ | ၁၃၄ | ၉၈၅,၅၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၃၂၃ | ၅၄၉,၁၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂၂ | ၅၂,၈၀၀ |
| EFR | ၂,၂၀၀ | ၂,၁၀၀ | ၇၇၇ | ၁,၆၄၇,၄၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၆၄၀ | ၃,၁၃၆,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၇,၀၇၃ | ၁၂,၃၇၇,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## သတင်းထုတ်ပြန်ချက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခါသမယ၌ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် စက်တင်ဘာ ၂၁

၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ တို့အကြား နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်မှု နှစ် (၃၀) ပြည့်မြောက်သော အထိမ်းအမှတ် အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယားတို့အကြား၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) ဒါတိုဆရီ ဆတီယာဟာဂျီ အယ်ရီဝမ်ဘင် ပီဟင် ဒါတူ ပီကာမာဂျာရာ ဟာဂျီ မိုဟာမက် ယူဆွတ်တို့အကြား ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံနှင့် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့်မြောက်သည့် အထိမ်းအမှတ် အခါသမယတွင် အဆွေတော်နှင့် ဘရူနိုင်းနိုင်ငံပြည်သူများထံသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့သည် အာဆီယံမိသားစုဝင်များဖြစ်သည့် အားလျော်စွာ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှုမြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်လျက် နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာမျက်နှာစာတွင် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများထားရှိနိုင်ခဲ့ကြသည်ကို တွေ့မြင်ရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။ မိမိတို့နှစ်နိုင်ငံအကြားရှိ ရင်းနှီးသော ဆက်ဆံရေးနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ်ဖွင့်လှစ်နိုင်ခဲ့သည့် နည်းတူ မိမိတို့၏ ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအား နှစ်နိုင်ငံနှင့် ပြည်သူများ၏ ကဏ္ဍစုံအကျိုးစီးပွား အပြန်အလှန်ဖြစ်ထွန်းရေးအတွက် ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော်ဘုရင်မင်းမြတ် ကျန်းမာရွှင်လန်းပါစေရန်နှင့် ဘရူနိုင်းနိုင်ငံနှင့် ပြည်သူများ အစွန့်ရှည်သာယာဝပြောပါစေကြောင်း နွေးထွေးသောဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခါသမယတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာရာ ဟာဂျီ မိုဟာမက် ယူဆွတ် ထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံနှင့် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀) ပြည့်မြောက်သည့် အထိမ်းအမှတ်တွင် အဆွေတော်အား နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် ၁၉၉၃ ခုနှစ် သံတမန်အဆက်အသွယ် စတင်ထူထောင်ချိန်မှစ၍ ထားရှိခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများအား အစဉ်အမြဲ အလေးထားလျက်ရှိပါသည်။ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်သည့် နှစ်(၃၀)ပြည့်မြောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးနှင့် နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားဆောင်ရွက်ရန် နှစ်နိုင်ငံအကြားသာမက အာဆီယံအပါအဝင် နိုင်ငံတကာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့အတွက် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်စေသည်ဟု မိမိအနေဖြင့် အမှန်တကယ် ယုံကြည်ပါသည်။

အဆွေတော် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်းနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ပြည်သူများ အစွန့်ရှည်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခါသမယတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မိမိတို့ နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့်မြောက်သည့် အထိမ်းအမှတ်အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံသို့ နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်သုံးစုကျော်ကာလအတွင်း ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ပညာရေးကဏ္ဍနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများတွင် နွေးထွေးပြီး ကာလရှည်ကြာသည့် ဆက်ဆံရေးကို ရရှိခံစားခဲ့ကြပါသည်။ နှစ်နိုင်ငံနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် မျှော်လင့်ပါသည်။

အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြလျက် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခါသမယတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး(၂) ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာရာ ဟာဂျီ မိုဟာမက် ယူဆွတ် ထံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မိမိတို့ နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့်မြောက်သည့် အထိမ်းအမှတ်တွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အကျိုးတူကဏ္ဍများ၌ နွေးထွေးရှည်ကြာသည့် ဆက်ဆံရေးများ ရှိကြပါသည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်း အစွန့်ရှည်သည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကို ဦးတည်သော အာဆီယံမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားနိုင်ရန် မျှော်လင့်ပါသည်။

အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြလျက် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

❖ မြေပုံမြို့မှ

မြေပုံမြို့၌ Ageri One Trading Co., Ltd. မှ စားသုံးသူများအား မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနက ကြီးကြပ်လျက် မြောက်ဦးခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ၊ မြေပုံမြို့နယ်စားသုံးဆီ ရောင်းကိုယ်စားလှယ် ဦးသာထွန်းက မြို့ပေါ် ရပ်ကွက်များအတွင်းရှိ ပြည်သူများသို့ စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ နှုန်းဖြင့် ဆီ ပိဿာ ၂၇၅၀ အား စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း သတ်မှတ်ဆီရောင်းစုရပ်နေရာငါးနေရာ သတ်မှတ်၍ လက်လီဖြန့်ဖြူး ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ အားကစားကွင်းနှင့် အားကစားရုံများ လှည့်လည်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်

လွိုင်ကော်　စက်တင်ဘာ　၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ကြက်တောင်အားကစားရုံ၌ ကယားပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။




**ထိုက်တန်စွာ ချီးမြှင့်ပေးအပ်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍကို ဘက်စုံကဏ္ဍစုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများကိုလည်း ထိုက်တန်စွာ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်နှင့် ပြည်နယ်အတွင်းရှိ အားကစားဝါသနာရှင်များကလည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင်ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အားကစားနှင့် လူငယ်ရေးရာကဏ္ဍ ဆောင်ရွက်မှုများ၊ ပြည်နယ်အတွင်း အားကစားကွင်းများ ဆောင်ရွက်ထားရှိမှု၊ ထူးချွန်အားကစားသမားများ မွေးထုတ်ပေးနိုင်မှုကို ဆွေးနွေးတင်ပြပြီး ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ပြည်နယ်အတွင်း အားကစားဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။




ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားကွင်း၊ အားကစားရုံအတွင်းရှိ အားကစားပွဲကြည့်စင်များနှင့် မီတာ ၄၀၀ ပြေးလမ်းတို့ကို လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ကရာတေး အားကစားရုံ၌ ကျင်းပပြုလုပ်သည့် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဘောလခဲမြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ် ကိုယ်စားပြု အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ကြည့်ရှုအားပေးကြသည်။

**ပေးအပ်**

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားများနှင့် အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ဒီးမော့ဆိုမြို့နယ်အသင်းနှင့် ဖရူဆိုမြို့နယ်အသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် လွိုင်ကော်မြို့နယ်အသင်းနှင့် ဖရူဆိုမြို့နယ်အသင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လွိုင်ကော်မြို့နယ်အသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဘောလခဲမြို့နယ်အသင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှားတောမြို့နယ်အသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဒီးမော့ဆိုမြို့နယ်အသင်းတို့ကို ဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး ဆုရအားကစားသမားများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။　**သတင်းစဉ်**

---

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၃/ ၂၀၂၃-၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော်　စက်တင်ဘာ　၂၁

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၃/၂၀၂၃-၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဆက်လက်ဆောင်ရွက်သွားမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ညှိနှိုင်းအစည်းအဝေးတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တင်ပြခဲ့သည့် စီမံကိန်းတန်ဖိုးပြောင်းလဲခြင်းကိစ္စရပ်များအပေါ် အဖွဲ့ဝင်များနှင့် စိစစ်အတည်ပြုနိုင်ရန်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ တင်ပြလာသော ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ စီမံကိန်းတန်ဖိုးပြောင်းလဲခြင်းကိစ္စရပ်များအပေါ် အဖွဲ့ဝင်များနှင့် စိစစ်အတည်ပြုနိုင်ရန်နှင့် “ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း)အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း” ညွှန်ကြားချက်(ဒုတိယမူကြမ်း)အပေါ် ကော်မတီအဖွဲ့ဝင်များက ပြင်ဆင်ဖြည့်စွက်ချက်များကို ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်သည့်အတွက် အဖွဲ့ဝင်များနှင့် အတည်ပြုနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် ပြင်ဆင်ဖြည့်စွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုဘဏ္ဍာရေးနှစ်တွင် ကော်မတီ၏ မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ကော်မတီအဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် နိုင်ငံတော်၏ စက်ပစ္စည်းကဏ္ဍနှင့် ပတ်သက်၍ အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသဖြင့် အစိုးရဌာနဆိုင်ရာများ၏ စက်ပစ္စည်းကဏ္ဍအတွက် ရန်ပုံငွေသုံးစွဲမှု၊ စက်ပစ္စည်းဝယ်ယူမှု၊ စက်ပစ္စည်းအသုံးပြုမှုများနှင့် စပ်လျဉ်းပြီး နိုင်ငံတော်အတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေရန် ကော်မတီ၏ မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ စနစ်တကျ စိစစ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် ယခုညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနတို့မှ တင်ပြလာသည့် စီမံကိန်းတန်ဖိုး ပြောင်းလဲခြင်း၊ ရန်ပုံငွေလွှဲပြောင်းခြင်းကိစ္စရပ်များကို ကော်မတီအဖွဲ့ဝင်များနှင့် ဝန်ကြီးဌာန ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြပြီး “ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်” (ဒုတိယမူကြမ်း) အပေါ် ကော်မတီအဖွဲ့ဝင်များ၏ ပြင်ဆင်ချက်ကို စုစည်း၍ တတိယအကြိမ် ပြင်ဆင်ရေးဆွဲပြီးစီးသည့် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များကို အတည်ပြုနိုင်ရန်အတွက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။　**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုများရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာဆန်ဂျေးမာသာအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုများရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဆန်ဂျေးမာသာကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုများရုံးတို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုများရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူး Ms. Sara Austin Netzer တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရန်ကုန်မြို့ ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံ/သံအမတ် Dr. Rashid Abdulla AL-Kuwari အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံ/သံအမတ် Dr. Rashid Abdulla AL–Kuwari အား ယနေ့ မွန်းလွဲ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံ/ သံအမတ် Dr. Rashid Abdulla AL–Kuwari တို့သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်နေရာချထားရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကဏ္ဍတို့တွင် ကာတာနိုင်ငံအနေဖြင့် ကူညီပံ့ပိုးပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းလာမှုအခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) (၉/၂၀၂၃)အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ (၉/၂၀၂၃) အလုပ်အမှုဆောင် အစည်းအဝေးကို စက်တင်ဘာ၂၁ ရက် မွန်းလွဲ ၁ နာရီက ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ယင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက အဖွင့်အမှာစကားပြောကြားပြီး နာယကများဖြစ်ကြသည့် ဒေါက်တာလှထွန်း၊ ဦးမြင့်သန်း၊ ဦးဌေးအောင်၊ ဦးကျော်ကျော်ဦးတို့က အမှာစကားများ ဆက်လက်ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်ဇော်နိုင်၊ ဦးသောမတ်၊ ဦးအောင်ဇော်ဝင်းတို့က ရန်ပုံငွေရရှိရေး၊ ID ကတ်အမြန်ဆုံး ထွက်ပေါ်နိုင်ရေး၊ နှစ်စဉ်ကြေးကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဘဏ္ဍာငွေရှာဖွေရေးကော်မတီ၊ ပြန်ကြားရေးကော်မတီ၊ ဥပဒေရေးရာကော်မတီ၊ လူမှုရေးကော်မတီ၊ အမျိုးသမီးရေးရာကော်မတီ၊ သဘာဝဘေးအန္တရာယ် ကူညီထောက်ပံ့ရေးကော်မတီဥက္ကဋ္ဌများက ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အမှုဆောင်များက တစ်ဦးချင်း ဆွေးနွေးကြပြီး ဗဟိုဥက္ကဋ္ဌက လုပ်ငန်းများအပေါ် ပေါင်းစပ်ညှိနှိုင်းပြောကြားသည်။

**တင်ဝင်းတင်**



# ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရေးနှင့် ပန်းတောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ပြည် စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး အတွင်း ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရေးအစည်းအဝေးကို စက်တင်ဘာ ၂၀ရက် နံနက်ပိုင်းက ပြည်မြို့ တည်ဆောက်ရေး (၂) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်အထိ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကို အောင်မြင်စွာ ကောက်ယူနိုင်ရေးနှင့် မြေပြင်စာရင်း ကောက်ယူရာတွင် ကြုံတွေ့လာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး အရေးကြီးကြောင်း၊ အဆိုပါ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး စမ်းသပ်သန်းခေါင်စာရင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပဲခူးတိုင်းဒေသကြီး အတွင်း မြို့နယ်နှစ်မြို့နယ် စာရင်းကောက်ကွက် ကိုးကွက်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ မြေပြင်စာရင်းကောက် ယူရာတွင် လူထပ်ခြင်းနှင့် ကျန်ရှိခြင်းမရှိစေရေးသက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအဆင့် စာရင်းကော်မတီများက ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူနေစဉ်အတွင်း ဝန်ထမ်းများ၏ လုံခြုံရေးနှင့် သွားလာမှု အဆင်ပြေနိုင်စေရေး အားလုံးပူးပေါင်းဆောင်ရွက်သွားရန် လမ်းညွှန်ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးက စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က လုံခြုံရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)တွင် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမည့် ပေါင်းတည်မြို့နယ် သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌက ရပ်ကွက်/ ကျေးရွာအလိုက် တိကျမှန်ကန် မြန်ဆန်စွာ စာရင်းကောက်ယူသွားမည့် အစီအစဉ်များကို တင်ပြဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လိုအပ်သည်များ ဖြည့်စွက် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပန်းတောင်းမြို့နယ် ရွာသာယာကျေးရွာအုပ်စုမှ စွန့်ဦးတီထွင် စိုက်ပျိုးသည့် တောင်သူ ဦးအေးစန်း၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပီလောပီနံနှင့်နေကြာ ဧက ၂၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကုန်ချောအဆင့်ထိ တန်ဖိုးမြှင့် တိုးတက်ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❂ ရှေ့ဖုံးမှ

အဆိုပါဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကျွဲကူး)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅၇ ဦးတို့ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌လည်းကောင်း အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ထို့ပြင် ဆေးကုသရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများနှင့် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆုပ်မထားနှင့် ... ဖြန့်လက်များ ပေးမျှဝေရန်သာ

မိုးကေနိုင်

လူဆိုတာ ချမ်းသာချင်ကြတာပဲ။ ချမ်းသာချင်တော့ စီးပွားရှာတယ်။ စီးပွားကောင်းကောင်းရှာဖို့ လောဘတော့ရှိရမယ်။ လောဘရှိမှ စီးပွားရှာလို့ရမယ်၊ မှန်ပါတယ်။ လောဘမရှိဘဲနဲ့တော့ ဘယ်လိုလုပ်စီးပွားဖြစ်ပါ့မလဲ။ ဒါက စီးပွားလောဘနဲ့ပတ်သက်တဲ့ သာမန်အသိ။ ဒီလိုသာမန်အသိလေးမှာ တရားမှု မတရားမှု၊ ရောင့်ရဲမှု မရောင့်ရဲမှု၊ မျှတမှုနဲ့ အစွန်းရောက်မှု၊ အလွန်အကျွံစတဲ့ အပိုင်းအခြားလေးတွေကို မှန်မှန်ကန်ကန်ပိုင်းခြားပြီး စီးပွားရှာနိုင်ပြီ၊ လုပ်တတ်ကိုင်တတ်ပြီဆိုရင်တော့. . . သာမန်အသိမှသည် မှန်ကန်သောအသိနဲ့ မှန်မှန်ကန်ကန်၊ သန့်သန့်ရှင်းရှင်းနဲ့ အသက်မွေးဝမ်းကျောင်းပြုခြင်းမည်တဲ့ သမ္မာအာဇီဝနဲ့ စီးပွားရှာခြင်းလို့ သတ်မှတ်လို့ရပါပြီ။

### မိစ္ဆာအာဇီဝဆိုတာ ...

အဓိကအချက်က စီးပွားဥစ္စာရှာတဲ့အခါ အပူအပင်ကင်းကင်း နောက်ဆံမတင်း လိပ်ပြာလုံလုံနဲ့ သမ္မာအာဇီဝဖြစ်နေဖို့ပါပဲ။ တရားသဖြင့် ရှာခြင်းဖွေခြင်းနဲ့ မှန်ကန်တဲ့စီးပွားရေးဖြစ်အောင်လုပ်ရာမှာ အမြတ်ကို အလွန်အကျွံတင်ပြီး ရောင်းချခြင်း၊ ဈေးနှိမ်ဝယ်ယူထားတဲ့ပစ္စည်းကို ပြန်ရောင်းတဲ့အခါ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးနှုန်းနဲ့ မတန်တဆ ဈေးတင်ရောင်းချခြင်း၊ ပိုဆိုးတာက မရှိမဖြစ်တဲ့ စားသုံးလူသုံးကုန်ကို တစ်ဖက်မှာ ဈေးနှိမ်ဝယ်ယူ၊ ဈေးကွက်ကိုမဖြန့်ဘဲ လှောင်ထား၊ ရွှေငွေကိုင်၊ ဆန်၊ ဆီ၊ ဆေးလှောင်၊ ဝယ်ရောင်းအပါအဝင်ပေါ့။

အပြင်မှာပစ္စည်းပြတ်မှ ဈေးတင်ရောင်း၊ မြင့်အောင်လှုပ်ပြီး တစ်ဖက်က လှုပ်လာရင် ပြန်မြှင့်ပြီး ဈေးကစား၊ အစစ်ကို အရောပြု၊ အတုပြန်လုပ်ပြီးရောင်း၊ ဒါ့အပြင် ဥပဒေနဲ့ တားမြစ်ထားတဲ့ပစ္စည်း ဥပမာ မူးယစ်ဆေးဝါး၊ လက်နက်စတဲ့ ဒါတွေဟာ မရှိသင့်တဲ့ လောဘဇောနောက်ကပါလာတဲ့ ဝိသမလောဘတွေပါပဲ။ ဥပဒေနဲ့ မလွတ်ကင်းတာ မှန်သမျှ အပြစ်ဖြစ်နေပါတယ်။ အများပြည်သူကို ဒုက္ခရောက်အောင်လုပ်တဲ့ မိစ္ဆာအာဇီဝပါ။ ဒီလိုကိစ္စတွေမှာ အဂတိမကင်း၊ လာဘ်လာဘမျှော်ပြီး လုပ်သမျှဟာလည်း ဝိသမလောဘနဲ့ အလိုတူအလိုပါပါပဲ။ လူတွေပါးစပ်ထဲရောက်ခါနီး မစားရ၊ မသောက်ရ၊ မသုံးဖြစ်အောင် ပိတ်ဆို့ဟန့်တားတာလည်း တကယ့်အကုသိုလ်မြောက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အများသူငါ အကျပ်အတည်းဖြစ်လာရင်၊ နိုင်ငံမှာ အကျပ်အတည်းဆိုက်လာရင် ကိုယ်လည်း နောက်ဆံတင်းတင်းနဲ့ နေလို့ရမှာ မဟုတ်သလို ကိုယ့်မိသားစုလည်း ထိတ်ထိတ်လန့်လန့်နဲ့ ဘေးကျပ်နံကျပ်ဖြစ်မှာ မလွဲပါဘူး။

### ကိုယ်ချင်းစာတရားနဲ့ သမ္မာအာဇီဝ

ဘာဖြစ်လို့လုပ်ကြမလဲ။ သူများမရှိဆင်းရဲနေချိန်မှာ ရှိသမျှလေးကို မလွှတ်တမ်း ဆုပ်ကိုင်ထား၊ ကိုယ့်အတ္တအတွက် အမြတ်ထုတ်၊ တစ်သက်စာမကြည့်၊ ကိုယ့်တစ်ဘဝ ကိုယ့်မိသားစုလေး၊ ကိုယ့်တစ်ဘို့တည်း ကောင်းစားရေး ကွက်ကွက်လေးကြည့်ပြီး လုပ်နေကြသမျှ လူ့အဖွဲ့အစည်းကြီးဟာ မလုပ မငြိမ်းချမ်းနိုင်ပါဘူး။ ကိုယ်လုပ်သမျှဟာ ဘယ်သူသေသေ ငတေမာပြီးရော၊ ပိုက်ဆံရရင်ပြီးရော၊ ငါ ကောင်းစားရေး တစ်ခုတည်းမဖြစ်ဖို့ လိုပါတယ်။ သံသရာတစ်လျှောက်ပါလာမယ့် အကုသိုလ်ဝဋ်ကြွေးဟာ အလွန်ကြောက်စရာကောင်းတဲ့အတွက် ဖြစ်ပါတယ်။

အများသူငါ ဒုက္ခရောက်ချိန်မှာ ကိုယ်ချင်းစာတရားဟာ အလွန်ကိုအရေးကြီးလှတယ်။ အားလုံးဒုက္ခရောက်ချိန်မှာ ကိုယ့်ထက်ဒုက္ခရောက်သူကို ကိုယ့်မှာရှိတဲ့ စားရေရိက္ခာ၊ ဥစ္စာပစ္စည်းဖြန့်ဝေပေးခြင်းနဲ့ ကရုဏာတရားကို ပြသကြရမှာဖြစ်ပါတယ်။ ဆိုလိုတာက ကုန်ဈေးနှုန်းတွေကြီးမြင့်နေချိန်မှာ ကိုယ့်မှာရှိတဲ့ပစ္စည်း ဈေးလျှော့ရောင်းလိုက်ရင်တောင် (ဥပမာ-ဂျပန်နိုင်ငံမှာ) နိုင်ငံကြီးသားပီသမှုကို ပြသရာရောက်တယ်၊ ကိုယ့်လူမျိုးအချင်းချင်း ကိုယ်ချင်းစာနာတတ်ပြီး သစ္စာရှိရာရောက်စေတယ် ဆိုတဲ့ အသိတရားလေးတစ်ခု ရရှိလာစေချင်တဲ့ သဘောပါ။

တရားသဖြင့် စီးပွားရှာခြင်း သဘောတရားမှာ တင်းတိမ်ရောင့်ရဲရမယ်ဆိုတဲ့ အချက်ဟာ သူ့ကန့်သတ်ချက်နဲ့သူရှိပါတယ်။ စီးပွားရှာတဲ့အခါ သင့်တင့်တဲ့လောဘနဲ့ ကြိုးစားရှာဖွေထားသင့်ပါတယ်၊ ရှာသင့်ရှာထိုက်တဲ့အချိန်မှာ လုံ့လဝီရိယနဲ့ ရသလောက် ရှာထားရပါမယ်။ အခွင့်အရေးရှိသလောက်ရှာထားပြီး ရှိသလောက်နဲ့ တင်းတိမ်နေဖို့ မဟုတ်ပေမယ့် ရသလောက်နဲ့တော့ တင်းတိမ်ရောင့်ရဲနိုင်ရပါမယ်။ ဒီလိုမှမဟုတ်ဘဲ မရရတဲ့နည်းနဲ့ အလွန်အကျွံဖြစ်လာရင်တော့ ဝိသမလောဘ အစွန်းတစ်ဖက်ကို ရောက်သွားနိုင်ပါတယ်။ စီးပွားရှာတာ အမြတ်ရဖို့ဆိုတာမှန်ပေမယ့် လိုတာထက်ပိုပြီးအမြတ်မယူမိဖို့နဲ့ သူများအပူကနေ မတန်တဆအမြတ်ယူပြီး ကိုယ့်အပူမဖြစ်ဖို့ဘဲ လိုပါတယ်။ သူများသောကကို ကိုယ့်သောကလို သဘောမထားရင် ကိုယ်ချမ်းသာနေတာလည်း အပြစ်ကင်းတဲ့ ချမ်းသာမှုလို့ မဆိုနိုင်ပါဘူး။

### တကယ့်ချမ်းသာအစစ်ဆိုတာမှာ

မြန်မာတွေဆိုတာ သဒ္ဓါရေ့ဆောင်၊ ဒါနအရာမှာ ထက်သန်သူတွေဖြစ်ပါတယ်။ ကိုယ့်ထက်နိမ့်ပါးသူဆို သနားတတ်၊ ကြင်နာတတ်၊ ကရုဏာတရားကြီးတတ်ကြသူတွေပါ။ ဗုဒ္ဓဘာသာဝင်တွေပီပီ လှူတတ်ရင် မြတ်တယ်လို့ ခံယူထားသူတွေဖြစ်ပြီး ထက်သန်တဲ့ စေတနာနဲ့အတူ တစ်ဘဝစာမက သံသရာအတွက်ပါ တစ်သက်စာကြည့်တတ်ကြသူတွေရယ်လို့ သတ်မှတ်ခြင်းခံရသူတွေ ဖြစ်ပါတယ်။

တချို့ဆို ကိုယ့်ဥစ္စာ၊ ကိုယ့်ပစ္စည်းသာမက ကိုယ့်ခန္ဓာ၊ ကိုယ့်အသက်တောင် စွန့်ဝံ့သူတွေရှိကြပါတယ်။ တရားအလိုအရတော့ “စာဂ” ပေါ့။ တကယ်တမ်းမှာ တရားသဘောအရဆို ကိုယ်ပိုင်ကိုယ့်ပစ္စည်းကို စွန့်ချင်စိတ်နဲ့ လွှတ်ချလိုက်တာနဲ့ ကိုယ့်ဆီက လွတ်သွားတယ်ဆိုတာ တချို့သိကြပါတယ်။ ဘာတွေလွှတ်သွားသလဲဆိုတော့ “လောဘ”၊ လောဘအပြင် လောဘနဲ့ယှဉ်လျက် ဝန်တိုမှု မစ္ဆရိယဆိုတဲ့ အကုသိုလ်တရားတွေပါ လွှတ်သွားပါတယ်။ လောဘနဲ့ မစ္ဆရိယအပြင် ကိုယ်လိုချင်တာ မရရင် ဒေါသလည်း လိုက်တတ်ပါတယ်။ တစ်ခါ အဲဒီလို အကုသိုလ်တွေပြုပြီးမှ နောင်မှာ နောင်တရပြီး ငါ့မှာရှိတုန်း ငါမပေးလိုက်ရဘူး၊ ငါမဖြန့်လိုက်ရဘူးဆိုတဲ့ ကုက္ကုစ္စ စတဲ့ အကုသိုလ်တရားတွေလည်း လိုက်လာနိုင်ပါသေးတယ်။

ဒီလိုတရားသဘောတွေကို အားလုံးထက် ပိုမြင့်နေသူတွေ၊ အားလုံးထက် ပိုရှိနေသူတွေ၊ အားလုံးထက် အမြတ်ကြီးမြတ်နေသောသူတွေ ရသွားစေချင်ပါတယ်။ မြန်မာနိုင်ငံမှာက အလှူခံထိုက်သူတွေ၊ ပေးဝေခံယူထိုက်သူတွေ သူ့နေရာနဲ့သူ များလွန်းလှတဲ့အတွက်ပေးဝေသူတွေဘက်ကနေ ကိုယ်ပိုင်ဆိုင်တဲ့အရာတွေထဲက တစ်စိတ်တစ်ပိုင်းပဲဖြစ်ဖြစ် လွှတ်ချ၊ လျှော့ချစေလိုတဲ့ ဒါနရဲ့ သဘောကို ရသွားစေချင်တာပါပဲ။ ဒါ့အပြင် တကယ့်ချမ်းသာအစစ်သဘောကိုလည်း သိချင်လှပါတယ်။ ချမ်းသာတယ်ဆိုတာ ကိုယ့်မှာပစ္စည်းဥစ္စာ ငွေကြေးဓနတွေ ပြည့်စုံကြွယ်ဝနေလို့ ချမ်းသာနေတာထက် ကိုယ့်မှာရှိတဲ့ပစ္စည်းကို လိုအပ်နေတဲ့သူတွေထံ ပေးလိုက်ရလို့ ကိုယ့်စိတ်ထဲမှာ ချမ်းသာသွားတာ၊ ကိုယ့်မှာဘာမှမရှိတော့ရင်တောင် ဘာမှတွယ်တာစရာမရှိတော့တဲ့အထိ ကိလေသာကင်းသွားတဲ့ ချမ်းသာအစစ်၊ ကိုယ့်လက်ထဲက ပစ္စည်းတစ်ခု စွန့်လွှတ်လိုက်ရလို့ လွတ်သွားတဲ့အခါ လွတ်လပ်သွားတဲ့ ချမ်းသာခြင်းသဘောလေးကိုလည်း သိစေလိုတဲ့... တကယ့်စေတနာနဲ့ရယ်ပါ။

### ယူမယ့်လက်... ထက် ပေးမယ့်လက်ကိုသာ မျှော်နေကြပြီ

လူတိုင်းကပြည့်စုံချင်ကြတယ်၊ ပြည့်ပြည့်စုံစုံနေချင်ကြတယ်၊ ပြည့်စုံမှလည်း ချမ်းသာခြင်းကို ရနိုင်တာကိုး။ လက်တွေ့မှာ ချမ်းသာအစစ်ကိုရဖို့ ခဲယဉ်းသလို ပြည့်စုံခြင်းဟာလည်း တစ်ခဏတာပဲ ရှိတယ်ဆိုတာ တရားသဘောအရတော့ တီးမိခေါက်မိရှိပါတယ်။ တကယ်တော့ ပြည့်စုံခြင်းဆိုတာ ပျက်စီးခြင်းမရောက်မီကာလမှာသာ ပြည့်စုံနေတယ်ထင်ရတာပါ။ ဘာမှမမြဲတဲ့ သဘောချည်းမို့ မပျက်စီးဘူးဆိုတာလည်း မဖြစ်နိုင်ပါဘူး။ နောက်ဆုံးအချိန်နီးခါမှ ကိုယ်ပိုင်တာ ဘာမှမရှိဘူးဆိုတာ သိလိုက်ရသလို ပြည့်စုံမှုဆိုတဲ့ အရာဟာလည်း ပျက်စီးခြင်းမှာသာ နောက်ဆုံးရှိပါပေတယ်။ ဒါကြောင့် သင့်ရဲ့လက်ကို ယူမယ့်လက်မဖြစ်စေဘဲ ပေးမယ့်လက်သာ ဖြစ်စေချင်ပါတယ်။ ရှိတာကို မဆုပ်ထားဘဲ ဖြန့်လိုက်စေချင်ပါတယ်။ ပေးမယ့်သူရဲ့လက်ဆိုတာ အမြဲဖြန့်ထားရမှာပါ။ ယူတဲ့ဘဝထက် လှူတဲ့ဘဝကို ပိုပြီးမက်မောစေချင်တယ်။ ဒါကြောင့်လည်း ရှာကြရတာပေါ့။ ကျွန်တော်တို့ စီးပွားရှာတယ်ဆိုကတည်းက ဖြစ်လေရာဘဝမှာ ရလာတဲ့အကျိုးအမြတ်ကို ကိုယ်နဲ့ကိုယ့်မိသားစုအပြင် အများအတွက်၊ သာသနာအတွက် ပေးဖို့၊ လှူနိုင်ဖို့ ဆုတောင်းတွေလည်းပါခဲ့ကြပြီး မဟုတ်ပါလား။

လောဘဆိုတဲ့တရားဆိုးဟာ တကယ့်အပါယ်လားမယ့် အကုသိုလ်ဆိုတာသိရင် ဒါကိုဘာကြောင့် လိုချင်ကြပါမလဲ။ ကိုယ်ကိုယ်တိုင် ချမ်းသာချင်လို့၊ လက်ရှိကိုယ့်မိသားစုအပြင် နောင်သားသမီးမျိုးဆက်အဆက်ဆက်အထိ စဉ်းစားပြီး ရှာကြ၊ စုကြတာပါပဲ။ ဆိုခဲ့တဲ့ သမ္မာအာဇီဝထိုက်သင့်တဲ့ လောဘနဲ့ အတ္တနဲ့ပရ မျှမျှတတရှိကြရင်တော့ အတိုင်းထက်အလွန် တကယ့်သူတော်ကောင်းပေါ့။ သို့ပေမယ့် ဆန့်ကျင်ဘက်အစွန်းရောက်သွားတဲ့အခါ မဖြစ်သင့်တဲ့အရာတွေ ဖြစ်သွားနိုင်တယ်ဆိုတာကိုတော့ သတိချပ်စေချင်ပါတယ်။ ကိုယ့်မှာရှိတဲ့ နည်းနည်းပဲဖြစ်ဖြစ်၊ များများပဲဖြစ်ဖြစ် ဆုပ်ကိုင်မထားဘဲ ဖြန့်ပေးနိုင်တဲ့သတ္တိ၊ ပေးဝေနိုင်တဲ့သတ္တိဟာ ကောင်းမွန်တဲ့ကံတွေကိုထူထောင်ရာ စေတနာတွေပါပဲ။ “သြော်... ငါ့မှာရှိတဲ့ပစ္စည်း ငါလှောင်မထားဘဲ၊ ဈေးမကစားဘဲ၊ အများကြီးဈေးမတင်ဘဲ လိုအပ်ရင် ဈေးလျှော့ရောင်းလိုက်မယ်၊ ငါ ပစ္စည်းအစစ်ကိုပဲ ရောင်းမယ်၊ ဥပဒေပြင်ပကပစ္စည်း ဘာတစ်ခုမှ မရောင်းဘူး၊ ဒီအချိန်မှာ ပစ္စည်းပြတ်နေရင် မရှိဆင်းရဲလိုအပ်နေသူတွေ ဒုက္ခရောက်လိမ့်မယ်” ဆိုတဲ့ ကိုယ်ချင်းစာစိတ်၊ သနားညှာတာစိတ် ဒီစိတ်ထားလေးတွေဟာ တကယ့်စေတနာမှန်ရဲ့ အခြင်းအရာတွေပါပဲ။

> ❛ကိုယ့်မှာရှိတဲ့ နည်းနည်းပဲဖြစ်ဖြစ်၊ များများပဲဖြစ်ဖြစ် ဆုပ်ကိုင်မထားဘဲ ဖြန့်ပေးနိုင်တဲ့သတ္တိ၊ ပေးဝေနိုင်တဲ့သတ္တိဟာ ကောင်းမွန်တဲ့ကံတွေကို ထူထောင်ရာ စေတနာတွေပါပဲ။ “သြော်... ငါ့မှာရှိတဲ့ပစ္စည်း ငါလှောင်မထားဘဲ၊ ဈေးမကစားဘဲ၊ အများကြီးဈေးမတင်ဘဲ လိုအပ်ရင် ဈေးလျှော့ရောင်းလိုက်မယ်၊ ငါ ပစ္စည်းအစစ်ကိုပဲ ရောင်းမယ်၊ ဥပဒေပြင်ပကပစ္စည်း ဘာတစ်ခုမှမရောင်းဘူး၊ ဒီအချိန်မှာ ပစ္စည်းပြတ်နေရင် မရှိဆင်းရဲလိုအပ်နေသူတွေ ဒုက္ခရောက်လိမ့်မယ်” ဆိုတဲ့ ကိုယ်ချင်းစာစိတ်၊ သနားညှာတာစိတ် ဒီစိတ်ထားလေးတွေဟာ တကယ့်စေတနာမှန်ရဲ့အခြင်းအရာတွေပါပဲ❜

တစ်နည်းအားဖြင့် လောဘနဲ့ယှဉ်တဲ့ ဆုပ်ကိုင်ထားတဲ့ လက်တွေနေရာမှာ ပေးမျှဝေဖို့ ဖြန့်လိုက်တဲ့ သန့်ရှင်းစင်ကြယ်တဲ့လက်တွေနဲ့အစားထိုးထားတဲ့ စေတနာတွေပါပဲ။ အဲဒီစေတနာတွေကပဲ ကောင်းတဲ့ကုသိုလ်ကံအကျိုးကို ပေးသွားတာပါ။ ဒီကုသိုလ်ကံစေတနာတွေဟာ သုဂတိဘုံတင်မက နိဗ္ဗာန်အထိတောင် အကျိုးပေးတယ်ဆိုတာ ကျွန်တော်တို့မြတ်ဗုဒ္ဓကလည်း ဟောကြားတော်မူပြီးဖြစ်ပါတယ်။ အရတော်လို့ ရလာတဲ့ ရခဲလှတဲ့ လူ့ဘဝမှာ ဘာကြောင့်အရှုံးခံပြီး အများမကြိုက်တဲ့ မိစ္ဆာအာဇီဝအလုပ်တွေ လုပ်ကြမလဲ။ သွားခြင်းကောင်းအောင် သမ္မာအာဇီဝအလုပ်တွေပဲ ကြိုးစားလုပ်ကြခြင်းဖြင့် ပေးဝေမျှသူဘက်ကရော ရယူသူဘက်ကပါ အကျိုးကျေးဇူးများလှတဲ့ ဒီသဘောတရားလေးတစ်ခုကို နှလုံးသွင်းဆင်ခြင်မိအောင် တင်ပြနေရခြင်းဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည်မှာ၊ လူ့အဖွဲ့အစည်းတစ်ခုမှာ လူတွေစားရေး၊ ဝတ်ရေး၊ နေရေး အဆင်မပြေဖြစ်ခြင်းကို နိုင်ငံရဲ့အမျိုးသားလုံခြုံရေးအထိ ဆက်စပ်စဉ်းစားနိုင်ပါတယ်၊ အချို့ နိုင်ငံရေးသုတေသီတွေဟာ ဝိသမလောဘဆန်တဲ့ စီးပွားထူထောင်မှုကို နိုင်ငံရေးပယောဂ၊ နိုင်ငံရေးအာဃာတတွေနဲ့ပါ အကြောင်းအကျိုးဆက်စပ်မှုတစ်ရပ်အနေနဲ့ ထည့်သွင်းစဉ်းစားလေ့ရှိကြသလို စီးပွားရေးမတည်ငြိမ်မှုက နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားသည်အထိ ဖြစ်သွားတဲ့သာဓကတွေ ယနေ့မျက်မှောက်ကမ္ဘာ့အရေးအခင်းများစွာမှာ နမူနာယူ လေ့လာနိုင်ပါတယ်။ ဒါကြောင့် တစ်ခုပြိုလဲရင် နောက်ဆက်တွဲကျန်တာတွေလည်း ပြိုဆင်းသွားနိုင်တဲ့ အကြောင်းအကျိုးဆက်စပ်မှုကို အထူးသတိထားကြရတာ ဖြစ်ပါတယ်။

စီးပွားရေးဖွံ့ဖြိုးရေးကို နိုင်ငံလုံခြုံရေး၊ ငြိမ်းချမ်းရေးအမြင်တွေနဲ့ပါ ဆက်စပ်စဉ်းစားပြီး ဝိသမလောဘနဲ့ဈေးကစားခြင်း၊ ဝါဒဖြန့်၊ သတင်းမှားဖန်တီးမှုနဲ့ ဈေးကစားခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကိစ္စတွေကို သတိထားကိုင်တွယ်ဖြေရှင်းနေကြရတာဖြစ်သလို တစ်ဖက်ကလည်း တရားမျှမျှတတနဲ့ သမ္မာအာဇီဝကျကျ လောဘမတက်၊ အတ္တမဖက်ဘဲ ငဲ့ညှာထောက်ထားတဲ့ခံ့စက်နဲ့ လုပ်ကြကိုင်ကြရင် လူ့လောက၊ လူ့ဘဝကြီးဟာ တကယ်ကို နေချင်စရာကောင်းနေပါလိမ့်မယ်။ သို့မှသာ နိုင်ငံကြီးသားပီသတဲ့ နိုင်ငံသားကောင်းတွေ နေထိုင်တဲ့ အကြောင်းကောင်း၍ အကျိုးကောင်းရာ ပုံရိပ်ကောင်းတဲ့ နိုင်ငံတော်ကြီး ဖြစ်နေပါလိမ့်မယ်။ ။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။



## တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် စဝ်ဆောင်းဟန်နှင့် စဝ်အုမ်ခေး၊ ဗဟိုဦးစီးကော်မတီဝင် စဝ်စိုင်းဟန်နှင့် စဝ်စိုင်းလျဲန်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်ဖက်ဆွေးနွေးမည့် အစီအစဉ်များကို ဦးစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် NCA နှင့် NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားအား အလေးအနက်ထား၍ ကျင်းပနိုင်ရေးဆောင်ရွက်မည့်ကိစ္စ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာ ဒေသများတွင် လွတ်လပ်ပြီး တရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရှိရာ ဒေသများတွင် လူသားချင်းစာနာမှု အကူအညီပေးအပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပြင်ဆင်သင့်သည့်ပုဒ်မများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များအပေါ် RCSS မှ ဆွေးနွေးချက်များအား အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ စက်တင်ဘာ ၂၂ ရက်တွင် ဒုတိယနေ့ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပထမနေ့၌ မပြီးပြတ်သေးသည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကာ နှစ်ဖက်သဘောထားများ ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ခုံသမာဓိကောင်စီ၊ ခုံသမာဓိအဖွဲ့၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၁**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းရန် ဖွဲ့စည်းထားသည့် ခုံသမာဓိကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။




တွေ့ဆုံပွဲသို့ အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဖြေရှင်းပေးလျက်ရှိ

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီတွင် ကနဦးဖြေရှင်း၍ ပြေလည်မှုများရရှိနေမှုကြောင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှုကို များစွာအထောက်အကူဖြစ်စေကြောင်း၊ ပြေငြိမ်းမှုမရသည့် အငြင်းပွားမှုများကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့်ဖြစ်စေ၊ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးရမည့် ကိစ္စရပ်များအတွက် အထူးညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ (မြို့နယ်ပေါင်းစပ်အဖွဲ့)တို့ဖြင့်ဖြစ်စေ ဖြေရှင်းပေးလျက်ရှိကြောင်း။

ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့အနေဖြင့် သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ နှစ်ဖက်ခေါ်ယူ၍ ဖျန်ဖြေပေးရာတွင် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများကိုသာ ညှိနှိုင်းဖျန်ဖြေပေးရန်လိုပြီး အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုများကို သက်ဆိုင်ရာ ဦးစီးဌာနများက ဖြေရှင်းပေးလျက်ရှိကြောင်း၊ ခုံသမာဓိအဖွဲ့အနေဖြင့် သက်ဆိုင်ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က တင်ပြလာသည့် အငြင်းပွားမှုများကို အဖွဲ့ဝင်များအနေဖြင့် အကျေအလည်ညှိနှိုင်းဆွေးနွေးပြီး အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးကို တရားမျှတမှန်ကန်စွာ ကြားနာစစ်ဆေးရမည်ဖြစ်ကြောင်း၊ ဥပဒေက အပ်နှင်းထားသည့် အခွင့်အာဏာထက် ကျော်လွန်ဆောင်ရွက်ခြင်းမပြုရန်နှင့် အလုပ်သမားများ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရန်၊ အလုပ်ရှင်၊ အလုပ်သမား အကြား ဘက်လိုက်မှုမရှိဘဲ အားကိုးအားထားပြုရသည့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေး လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ကြားနာစစ်ဆေးရန် အကျုံးမဝင်သည့် အငြင်းပွားမှုများကို သက်ဆိုင်ရာ သီးခြားဥပဒေဖြင့် စိစစ်ဖြေရှင်းနိုင်ရေး အလုပ်ရှင်၊ အလုပ်သမားများကို ရှင်းလင်းပြောကြားထားရန်လိုကြောင်း။

ခုံသမာဓိကောင်စီအဖွဲ့ဝင်အနေဖြင့် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် တင်သွင်းသည့် လျှောက်ထားလွှာများကို လက်ခံရရှိသည်နှင့် ခုံအဖွဲ့ဖွဲ့စည်း၍ ကြားနာစစ်ဆေးရာတွင် စစ်ဆေးချက်များ၊ သက်သေခံခြင်းများအပေါ် အခြေခံပြီး လွတ်လပ်စွာဖြင့် အလုပ်ရှင်နှင့် အလုပ်သမားတို့အတွက် မျှတသောဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ကြောင်း၊ ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်များသည် တိုင်းဒေသကြီး၊ ပြည်နယ်ခုံသမာဓိအဖွဲ့ဝင်များက အကိုးအကားပြုလေ့လာရမည့် ဆုံးဖြတ်ချက်သာဓကများဖြစ်ရမည့်အပြင် ခုံသမာဓိကောင်စီသည် အလုပ်ရှင်၊ အလုပ်သမားများအတွက် အားကိုးအားထားပြုရသည့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း။

## ရှင်းလင်းဆွေးနွေး

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)တွင် ဆွေးနွေးညှိနှိုင်းမှုအားကောင်းခြင်းဖြင့် အငြင်းပွားမှုများကို လျော့ကျစေနိုင်သဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် WCC တိုးမြှင့်ဖွဲ့စည်းရေး သက်ဆိုင်ရာဦးစီးဌာနက ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖျန်ဖြေရေးအရာထမ်းများအနေဖြင့် အငြင်းပွားမှုဖြစ်ပွားသည့် အခြေခံအကြောင်းအရင်းများ၊ လုပ်ငန်းခွင် ဆက်ဆံရေးကောင်းမွန်သည့် စက်ရုံများ၏ အလေ့အထများနှင့် အငြင်းပွားမှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရန် နည်းလမ်းများကို အလုပ်ရှင်နှင့် အလုပ်သမားများကို အသိပညာပေး ဆွေးနွေးခြင်း၊ တစ်ဦးချင်းညှိနှိုင်းဖျန်ဖြေမှုစွမ်းဆောင်ရည် မြင့်မားလာစေရန် အရာထမ်းအချင်းချင်း အတွေ့အကြုံများ အပြန်အလှန်ဆွေးနွေးဖလှယ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



**သထုံ စက်တင်ဘာ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်တွင် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၉ နာရီတွင် ခရိုင်ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှုဖြင့် သထုံခရိုင် ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

စုပေါင်းသွေးလှူဒါန်းရာသို့ အမှတ်(၆၀၆)အမြောက်စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် ကိုဦး၊ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချို၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးပိုင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့် ရဲတပ်ဖွဲ့ဝင်များအား အားဆေး၊ အချိုရည်၊ ကြက်ဥ၊ ငှက်ပျောသီး စသည့် အာဟာရဖြည့်စွက်စာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၁**

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အကြိမ်(၂၀)မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (16th ASEAN Ministers' Responsible for Information and its related Meetings) (16th AMRI)သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါ (၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကြိုတင်ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်လျက်ရှိသည်။ ယင်းအစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးအဆင့် တာဝန်ရှိသူများလည်း တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ခံကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်၏ အနာဂတ်သည် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၏ လက်ဝယ်တွင်ရှိကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် ဗလငါးတန်ပြည့်ဝရန်နှင့် အတတ်ပညာ၊ အသိပညာ ပြည့်ဝရန်လိုအပ်ကြောင်း၊ လက်ရှိတွင် ကျေးလက်နေပြည်သူများ အပါအဝင် ဒေသခံတိုင်းရင်းသားများ၏ စာတတ်မြောက်မှုနှင့် အတန်းပညာ တတ်မြောက်မှု အားနည်းလာသဖြင့် ယခင်က အောင်မြင်မှုရခဲ့သည့် "အ" သုံးလုံး သင်တန်းများကဲ့သို့ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်စေရေး "ဝ၊ ထ၊ က၊ လ၊ သ" စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ပညာရေးသည် နိုင်ငံအတွက် အရေးကြီးကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ် ကလေးတိုင်း လက်လှမ်းမီ သင်ယူနိုင်ရေးအပြင် ဘက်စုံပညာရေးကို အကောင်အထည်ဖော်လျက် ရှိကြောင်း၊ လူငယ်များအနေဖြင့် ဗလငါးတန်ပြည့်စုံရှိသာမက မျိုးချစ်စိတ်ဓာတ်ရှိပြီး မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စာရေးဆရာ ရဲမွန်ကျော်က "ဗလငါးတန်ဖွံ့ဖြိုးဖို့ စာဖတ်ကြပါစို့" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရနေရာများကို ကျောင်းသား ကျောင်းသူလူငယ်များ ဗဟုသုတရရှိစေရန် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံများ ခင်းကျင်းပြသခြင်းနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အသိပညာပေး စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် မြားပစ်ပြိုင်ပွဲ၊ စက်ပန်းလှည့်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ပျော်ရွှင်ဖွယ် ဂိမ်းများ ကစား၍ အနိုင်ရရှိသူများကို အမျိုးသားစာပေဆုရှင်ဆရာစိုးတင့် (ရောဝတီ)မိသားစုက လှူဒါန်းသည့် စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**တောင်ငူ စက်တင်ဘာ ၂၁**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီက တောင်ငူခရိုင် အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာသို့ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်၊ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဆွေဦးနှင့် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးများက သွေးလှူဒါန်းကြသည့် ခရိုင်နှင့် မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင် ၃၇ ဦးအား လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အလှူငွေကျပ်တစ်သိန်းနှင့် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှ ငွေကျပ် နှစ်သိန်းခန့် တန်ဖိုးရှိ အချိုရည်၊ ကြက်ဥနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၁**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းပိုင်ဦးစီး၍ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇော်မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အမှတ်(၅)ရပ်ကွက် ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းသွားရာ လမ်းတစ်လျှောက်၌ သန့်ရှင်းသာယာလှပရေးအတွက် မြက်များရှင်းလင်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့စဉ်။



မြို့နယ်(ပြန်/ဆက်)

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၀ ရက်တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၃)ရပ်ကွက် ယောမင်းကြီးလမ်းရှိ အမှတ်(၂) အခြေခံပညာ အထက်တန်း ကျောင်းဝင်း အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ကြေးမုံ



# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၁

၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ စံချိန်စံညွှန်းကောင်းမွန်ပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများကို ထည့်သွင်းရွေးချယ်ရန် စီစဉ်ထားရှိပါကြောင်း၊ အလားအလာရှိသောသူများကိုလည်း အတွေ့အကြုံရရှိစေရန် လေ့လာသူများအဖြစ် ရွေးချယ်သွားရန် လျာထားကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယနေ့မွန်းလွဲပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) စားရိပ်သာဆောင်၌ သင်တန်းသားသင်တန်းသူများနှင့် နေ့လယ်စာအတူတကွ စားသုံးစဉ် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျိုက္ကဆံဝင်းအတွင်းရှိပြည်ထောင်စုခန်းမ၌အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ




ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများအတွက်ငွေ ၈၃၄၁၁၂၅ ကျပ် တန်ဖိုးရှိစားသောက်ကုန်ပစ္စည်းခြောက်မျိုးကို ထောက်ပံ့ပေးအပ်ရာ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) အရာထမ်း၊ အမှုထမ်းများကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများကလည်းကောင်းလက်ခံရယူခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင် ဦးမျိုးသူရက ကျောင်းအကျိုးတော်ဆောင်အဖွဲ့သို့ အလှူငွေကျပ် ၅၃၆၉၀၀၀ ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဥပဒေချုပ် ဦးဌေးအောင်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး အထောက်အကူဖြစ်စေရန်အတွက် ဗလာစာအုပ် ၃၄၃ ဒါဇင်ကို အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်းသို့ ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါတီဝင်အင်အားစာရင်းများ စစ်ဆေးမှုခံယူနေသည့် နိုင်ငံရေးပါတီ (၆) ပါတီမှ တိုင်းဒေသကြီးအဆင့် ပါတီတာဝန်ခံများ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါတီဝင် အင်အားစာရင်းများ စစ်ဆေးမှုခံယူနေသည့် မှတ်ပုံတင်ခွင့်ပြုပြီး ပါတီ (၆) ပါတီမှ တိုင်းဒေသကြီးအဆင့် ပါတီတာဝန်ခံများ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းက မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့တင်ပြလာသော ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှု ရှိ၊ မရှိ၊ မြေပြင်တွင် အမှန်တကယ်နေထိုင်ခြင်းရှိ၊ မရှိကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က စိစစ်ခြင်းဆိုင်ရာလုပ်ငန်းတွင် နိုင်ငံရေးပါတီများက ပူးပေါင်းဆောင်ရွက်ရန်နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အကျယ်တဝင့် မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီး/ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အတွင်းရေးမှူးများ၊ တိုင်းဒေသကြီးအဆင့် နိုင်ငံရေးပါတီတာဝန်ခံများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ရန်ကုန်တိုင်းဒေသကြီး ပါတီဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) မှ ဒုတိယဥက္ကဋ္ဌ ဦးစောလွင်ငယ်၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ ဗဟိုကော်မတီဝင် ဦးစောဝင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ရခိုင့်ဦးဆောင်ပါတီမှ အတွင်းရေးမှူး ဦးထွန်းသိန်း၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီမှ တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးတင်အောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင် ( ၁၄ ) ခရိုင်မှ ခရိုင်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများက ပေးပို့တင်ပြလာသည့် သတ်မှတ်ပါတီဝင်အင်အားစာရင်းများနှင့် စပ်လျဉ်း၍ မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း အစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများက ပေးပို့တင်ပြလာသည့် သတ်မှတ်ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှု ရှိ/မရှိ၊ မြေပြင်တွင် အမှန်တကယ်နေထိုင်မှု ရှိ/မရှိတို့နှင့်စပ်လျဉ်း၍ ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ရွှေတောင်မြို့နယ်နှင့် သဲကုန်းမြို့နယ်တို့မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ပူးပေါင်း၍ စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မြေပြင်စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို ယနေ့တွင် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးစိုးဦးက ယနေ့တက်ရောက်လာသည့် ပါတီလေးခုမှ သတ်မှတ်ကာလအတွင်း ပေးပို့လာသည့် ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ၊ ဝန်ထမ်းများ ပါဝင်နေခြင်း ရှိ/မရှိ၊



မြေပြင်တွင် အမှန်တကယ် နေထိုင်ခြင်း ရှိ/မရှိ တို့ကို သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ပူးပေါင်း၍ စိစစ်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်မည်ဖြစ်သဖြင့် သက်ဆိုင်ရာ ပါတီအသီးသီး၏ မြို့နယ်တာဝန်ခံများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်းပြောကြားပြီး တက်ရောက်လာသူများက လိုအပ်သည်များ ပြန်လည်ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီတို့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ပါတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပြည်ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌ၊ တာဝန်ခံများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ပါတီဝင်လျှောက်လွှာများ၊ အဆိုပြုလွှာများ၊ ပါတီဝင်ကတ်ပြားထုတ်ပေးထားရှိမှု မှတ်ပုံတင်စာအုပ်များ၊ ပါတီဝင်များက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ပုံစံ (၈) ၏ပူးတွဲတွင် လက်မှတ်ထိုးထားမှု ရှိ/မရှိ အခြေအနေများ၊ ကွဲလွဲနေမှုများ စစ်ဆေးခြင်းလုပ်ငန်းအား အနီးကပ်ကြပ်မတ်ခဲ့ပြီး လိုအပ်သည်များအား ညှိနှိုင်းဆောင်ရွက်ပေးသည်။ ပဲခူးတိုင်းဒေသကြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီနှင့် ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီတို့မှ လေးပါတီ၏ ပါတီဝင်အင်အားစာရင်းများ တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အလားတူ စက်တင်ဘာ ၁၉ ရက်တွင် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကဝမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဝေါမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့တွင်လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်တွင် သာယာဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကြို့ပင်ကောက်မြို့နယ်၊ ဇီးကုန်းမြို့နယ်၊ နတ်တလင်းမြို့နယ်၊ မိုးညိုမြို့နယ်၊ မင်းလှမြို့နယ်၊ လက်ပံတန်းမြို့နယ်၊ သာယာဝတီမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့တွင်လည်းကောင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စံပြစီမံကိန်းနှင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး

ညီညီဝင်း-ကျေးလက်

မြန်မာနိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်ရှိရာ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ကြသည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရေးနှင့် ဆင်းရဲမှုလျှော့ချစေရေးအတွက် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲချမှတ်၍ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် အစိုးရ-ပုဂ္ဂလိက-ပြည်သူ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် အဓိကအခြေခံလိုအပ်ချက်ဖြစ်သည့် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးတစ်ခုတည်း ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အထောက်အကူပြုရေးအတွက်ပါ ယှဉ်တွဲဆောင်ရွက်နိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ရရှိနိုင်မည့် ဘဏ္ဍာငွေအရင်းအမြစ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်သူ့ဘဏ္ဍာရန်ပုံငွေ၊
(ခ) အကူအညီရငွေ၊
(ဂ) ပြည်ပချေးငွေ၊
(ဃ) ပြည်သူထည့်ဝင်ငွေ၊
(င) ပြည်တွင်း ပုဂ္ဂလိက/အဖွဲ့အစည်းများမှ ထည့်ဝင်လှူဒါန်းငွေ။

အဆိုပါ ဘဏ္ဍာရန်ပုံငွေများအနက် **အကူအညီရငွေဟုဆိုရာတွင်** နိုင်ငံခြားအစိုးရများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အစိုးရအဖွဲ့အစည်းများ ဆောင်ရွက်နေသော လုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများအတွက် အသုံးစရိတ်များကို စေတနာအလျောက်အကူအညီပေးသည့် ပြန်လည်ပေးဆပ်ရန်မလိုသော ထောက်ပံ့ငွေ(ငွေကြေး၊ ပစ္စည်းနှင့် ဆောင်ရွက်ပေးမှု)ဖြစ်ပြီး ရေတိုရေရှည် အကျိုးဖြစ်ထွန်းစေမည့် အထောက်အပံ့များပင်ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန် ဘဏ္ဍာငွေအရင်းအမြစ်တစ်ခုဖြစ်သည့် အကူအညီရငွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကူညီထောက်ပံ့၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူပြီး အကောင်အထည်ဖော်လျက်ရှိသော **အရှေ့အာရှဆင်းရဲမှု လျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စံပြစီမံကိန်း** အကြောင်းကို ရေးသားတင်ပြသွားပါမည်။



(၁၁)ကြိမ်မြောက် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး၌ တက်ရောက်လာကြသူများ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာသို့ ကွင်းဆင်းလေ့လာစဉ်။

**နောက်ခံသမိုင်း**

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား) နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးတွင် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်းက အရှေ့-အာရှ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု ကနဦးဆောင်ရွက်ချက်လုပ်ငန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း အဆိုပြုဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးချက်အရ **လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ** သုံးနိုင်ငံရှိ **ကျေးရွာခြောက်ရွာတွင် "အရှေ့အာရှဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစံပြ စီမံကိန်း"** အမည်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် **"အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စံပြစီမံကိန်း"** ကို နေပြည်တော်ကောင်စီနယ်မြေနှင့် ၈၀ ကီလိုမီတာခန့်ကွာဝေးသည့် လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာနှင့် ၆၁ ကီလိုမီတာခန့်ကွာဝေးသည့် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းကို ထောက်ပံ့ငွေကျပ် ၂၂၇၂ ဒသမ ၂၅ သန်းဖြင့် ၂၃-၁-၂၀၁၈ မှ ၂၃-၁-၂၀၂၁ အထိ သုံးနှစ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရပါသည်။

**စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ**

အဆိုပါစီမံကိန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် စီမံကိန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုရုံးကို ဖွဲ့စည်းခဲ့ပြီး တရုတ်နိုင်ငံဘက်မှ ဝန်ထမ်းများနှင့် ပူးပေါင်းတာဝန်ယူ၍ စီမံကိန်းတစ်ခုလုံးအကောင်အထည်ဖော်မှု၊ ညှိနှိုင်းမှုနှင့်လမ်းညွှန်မှု၊ ကြီးကြပ်ကွပ်ကဲမှု၊ စောင့်ကြည့်အကဲဖြတ်မှု၊ နည်းပညာဆိုင်ရာအကူအညီထောက်ပံ့ပေးမှု စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။

စီမံကိန်းကို Component ငါးခုဖြင့် ဆောင်ရွက်ပြီး အခြေခံအဆောက်အအုံတည်ဆောက်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နည်းပညာအကူအညီပေးခြင်း စသည့်လုပ်ငန်းများ ပါဝင်ပါသည်။ စီမံကိန်းမှ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းအားဖြင့် စီမံကိန်းကျေးရွာနှစ်ရွာတွင် အိမ်ထောင်စု ၁၄၈၁ စုနှင့် လူဦးရေ ၇၈၂၀ အား လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးကျေးဇူးရရှိစေခဲ့ပါသည်။

**လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာတွင် စီမံကိန်းဆောင်ရွက်မှု**

စီမံကိန်းကျေးရွာတစ်ရွာဖြစ်သည့် မင်းပြင်ကျေးရွာတွင် အခြေခံအဆောက်အအုံလုပ်ငန်းများအနေဖြင့် ကွန်ကရစ်လမ်း၊ River Bank ရေကာနံရံ ၄၉၅ ပေ၊ တွင်းနက်တူးဖော်ခြင်း၊ အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းတို့အပြင် မီးလင်းရေးလုပ်ငန်းတွင် 11 KV line-1300'၊ 0.4 KV Line-4.53miles၊ 315 KVA Transformer and sub-station နှင့် ဆိုလာလမ်းမီးတိုင် တပ်ဆင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် နှစ်ထပ်ကျောင်းဆောင်သစ်၊ ကျောင်းအားကစားကွင်းပြန်လည်ပြုပြင်ခြင်း၊ ကျောင်းသုံးစားပွဲနှင့် ကုလားထိုင် ၁၄၄ စုံ၊ ဆရာ ဆရာမများ စားပွဲခုံရှစ်စုံ ထောက်ပံ့ပေးခြင်း၊ လူထုဖွံ့ဖြိုးမှုစင်တာတည်ဆောက်ပေးခြင်း၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲခြင်းစနစ်နှင့် အသိပညာပေးခြင်းအပြင် စီမံကိန်းမှ အမှိုက်သိမ်းယာဉ်သုံးဘီးတစ်စီး၊ အမှိုက်စွန့်ပစ်ကျင်းတစ်ကျင်း၊ အမှိုက်ပုံးများနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် **စိုက်ပျိုးရေး**ကဏ္ဍအနေဖြင့် စပါး၊ နှမ်း၊ မြေပဲသီးနှံများကို စံပြစိုက်ကွက်များအဖြစ် စိုက်ပျိုး၍ သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများပို့ချပေးခြင်း၊ စံပြပျိုးခြံတစ်ခြံတည်ထောင်၍ ရာသီအလိုက် သီးနှံများနှင့် ပန်းများစိုက်ပျိုးခြင်း၊ အိမ်ထောင်စု ၃၀ သို့ မျိုးစေ့များပံ့ပိုး၍ နေအိမ်ခြံဝင်းများတွင် တစ်နိုင်တစ်ပိုင်စိုက်ခင်းများ ဖော်ဆောင်ပေးခြင်း၊ **မွေးမြူရေးလုပ်ငန်း**အနေဖြင့် တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာရှိ မွေးမြူရေးစိတ်ပါဝင်စားသူများကို အစုအဖွဲ့ဖွဲ့စည်းပေးပြီး ကြက်ခြံနှစ်ခြံတည်ဆောက်၍ စီမံကိန်းမှ လိုအပ်သော မွေးမြူရေးဆိုင်ရာသင်တန်းများပို့ချခြင်း၊ တိုင်းရင်းကြက်မျိုး အကောင် ၄၀၀ နှင့် မွေးမြူရေးဆေး သုံးလစာ ပံ့ပိုးပေးခြင်း၊ ၎င်းအပြင် **ဝါးလက်မှုလုပ်ငန်း** နည်းပညာသင်တန်းများဖွင့်လှစ်ခြင်း၊ ဝါးလက်မှုလုပ်ငန်းအတွက် အလုပ်ရုံတစ်ခု တည်ဆောက်ခြင်း၊ ဝါးပေါင်းကန်နှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ပြီး ဈေးကွက်ဝင် ဝါးလက်မှုပစ္စည်းများထွက်ရှိသည်အထိ ဆောင်ရွက်ပေးခဲ့သည်။

**တပ်ကုန်းမြို့နယ် အေးချမ်းသာကျေးရွာတွင် စီမံကိန်းဆောင်ရွက်မှု**

အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများအနေဖြင့် အေးချမ်းသာကျေးရွာတွင် ကွန်ကရစ်လမ်း၊ ရွာတွင်းရိုးစာလမ်းဖောက်လုပ်ခြင်း၊ ရေရရှိရေးလုပ်ငန်းတွင် ကျေးရွာနှင့် နှစ်မိုင်ခန့်အကွာအဝေးရှိ ဆင်သေဆည် Reservoir မှကျေးရွာသို့ ပိုက်လိုင်းဖြင့် ရေသွယ်ယူခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစင်နှင့်ဂါလန် ၂၀၀၀၀ ဆံ့ ရေစစ်ကန်တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ မီးလင်းရေးလုပ်ငန်းတွင် 11 KV line-300'၊ 0.4KV Line-21113'၊ 200 KVA Transformer၊ 50KVA Transformer and substation တည်ဆောက်ပေးခြင်း၊ အများနှင့်သက်ဆိုင်သည့် အဆောက်အအုံများတွင် ဆိုလာမီးတိုင် ၁၄ တိုင်၊ လမ်းမီးတိုင် ၂၆ တိုင် စုစုပေါင်း တိုင် ၄၀ တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အနေဖြင့် အေးချမ်းသာကျေးရွာတွင် စာကြည့်တိုက်ပါဝင်သော ကျောင်းဆောင်သစ်၊ ကျောင်းအိမ်သာ လေးခန်းတွဲ နှစ်လုံးနှင့် ဆရာ ဆရာမ အိပ်ဆောင်၊ လူထုဖွံ့ဖြိုးရေးစင်တာတည်ဆောက်ပေးခြင်း၊ စတုရန်းပေ ၃၂၀၀ ကျောင်းအားကစားကွင်းနှင့် ကျောင်းခြံစည်းရိုး၊ ကျောင်းစားပွဲနှင့် ကုလားထိုင်အစုံ ၂၀၀၊ ဆရာ ဆရာမစားပွဲခုံခြောက်စုံ ထောက်ပံ့ပေးခြင်း၊ စတုရန်းပေ ၉၀၀ ဆေးပေးခန်းနှင့် ၃၄၅၆ စတုရန်းပေ အားကစားကွင်းတည်ဆောက်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွန့်ပစ်အမှိုက် စီမံခန့်ခွဲခြင်းစနစ် မိတ်ဆက်အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး စီမံကိန်းမှ အမှိုက်သိမ်းယာဉ်သုံးဘီးတစ်စီး၊ အမှိုက်စွန့်ပစ်ကျင်းတစ်ကျင်း၊ အမှိုက်ပုံးများ၊ ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအနေဖြင့်လည်း ကျေးရွာစိုက်ပျိုးရေးကဏ္ဍအတွက် လယ် ၄၃ ဧက တွင် စပါး၊ နှမ်း၊ မြေပဲ၊ မတ်ပဲ၊ နေကြာသီးနှံများအား စံပြစိုက်ကွက်များအဖြစ် စိုက်ပျိုး၍ သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများပို့ချပေးခြင်း၊ စံပြပျိုးခြံတစ်ခြံတည်ထောင်၍ ရာသီအလိုက်သီးနှံများနှင့် ပန်းများ စိုက်ပျိုးခြင်း၊

စာမျက်နှာ ၁၁ သို့ ◆

> **စီမံကိန်းကျေးရွာတစ်ရွာဖြစ်သည့် မင်းပြင်ကျေးရွာတွင် စိုက်ပျိုးရေးကဏ္ဍအနေဖြင့် စပါး၊ နှမ်း၊ မြေပဲသီးနှံများကို စံပြစိုက်ကွက်များအဖြစ် စိုက်ပျိုး၍ သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများပို့ချပေးခြင်း၊ စံပြပျိုးခြံတစ်ခြံတည်ထောင်၍ ရာသီအလိုက် သီးနှံများနှင့် ပန်းများစိုက်ပျိုးခြင်း၊ အိမ်ထောင်စု ၃၀ သို့ မျိုးစေ့များပံ့ပိုး၍ နေအိမ်ခြံဝင်းများတွင် တစ်နိုင်တစ်ပိုင်စိုက်ခင်းများ ဖော်ဆောင်ပေး**

◆ စာမျက်နှာ ၁၀ မှ
အိမ်ထောင်စု ၇၆ စုသို့ မျိုးစေ့များပံ့ပိုး၍ နေအိမ်ခြံဝင်းများတွင် တစ်ပိုင်တစ်နိုင် စိုက်ခင်းများ ဖော်ဆောင်ပေးခြင်းအပြင် မှိုစိုက်ပျိုးခြင်း နည်းပညာသင်တန်း ဖွင့်လှစ်ပို့ချပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မွေးမြူရေးလုပ်ငန်းအနေဖြင့် နည်းပညာသစ်အသုံးပြု၍ စံပြဝက်မွေးမြူနိုင်ရန်အတွက် မွေးမြူရေး စိတ်ပါဝင်စားသူများအား အစုအဖွဲ့စနစ်ဖြင့် စံပြဝက်မွေးမြူရေးခြံ တည်ဆောက်ပေးခြင်း၊ မွေးမြူရေးဆိုင်ရာနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ အစာနှင့်ဆေး ထောက်ပံ့ပေးခြင်း လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အသေးစားစက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက်လည်း စက်ရက်ကန်းအထည်စက်ရုံ တည်ဆောက်ပေးခြင်း၊ စက်ရက်ကန်းစင် လေးစုံ၊ ချည်ဖောက်စက် တစ်စုံနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။

**အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း**

စီမံကိန်းမှ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအနေဖြင့် စီမံကိန်းဝန်ထမ်းများအား စီမံကိန်းလုပ်ငန်းများကို ကျွမ်းကျင်စွာ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများပို့ချခြင်း၊ ကျေးရွာကော်မတီများ စနစ်တကျ ဖွဲ့စည်းထားရှိပြီး ကျေးရွာလူထု စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်ပေးခြင်း၊ အခြေခံအဆောက်အအုံနှင့် ဝယ်ယူရေးဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သောသင်တန်း စုစုပေါင်း ၂၂ ကြိမ် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

**အတွေ့အကြုံမျှဝေဖလှယ်ခြင်း**

၂၀၁၉ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသော အရှေ့အာရှဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများကို ကွင်းဆင်းလေ့လာခြင်းနှင့် အတွေ့အကြုံမျှဝေဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် ဒေသတွင်းအတွေ့အကြုံများ မျှဝေဖလှယ်ခြင်းအနေဖြင့်လည်း ၂၀၁၉ ခုနှစ်တွင် မကွေးမြို့နယ်ရှိ အစုအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် နှမ်းစက်ရုံတည်ဆောက်လည်ပတ်ခြင်းနှင့် ကျေးရွာများတွင် အစုအဖွဲ့ဖြင့် ဒေသကြက်မွေးမြူရေးလုပ်ငန်း၊ တပ်ကုန်းမြို့နယ်အတွင်း CP Livestock ကုမ္ပဏီမှ ခေတ်မီနည်းစနစ်ဖြင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု အသိပညာပေးခြင်းလုပ်ငန်း၊ ဝမ်းတွင်းမြို့နယ်ရှိ ရက်ကန်းစက်ရုံအား ကွင်းဆင်းလေ့လာခြင်း၊ စီမံကိန်းကျေးရွာနှစ်ရွာရှိ ရွာသူ ရွာသားများက စီမံကိန်းလုပ်ငန်းများကို အပြန်အလှန်သွားရောက်လေ့လာခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံမှ ဝန်ကြီးဌာနကိုယ်စားလှယ်များ၊ NGO/ INGO အဖွဲ့များ၊ CCTV၊ CGTN၊ Phoenix စသော တရုတ်နိုင်ငံရှိ မီဒီယာများ၊ ကိုယ်စားလှယ်များကလည်း စီမံကိန်းကျေးရွာများသို့ လေ့လာရေးခရီးစဉ်များ လာရောက်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်တွင် မင်းပြင်ကျေးရွာမှ ကျေးရွာသူငါးဦးကို ရေနီမြို့နယ်ရှိ SUMEC အထည်အလိပ်စက်ရုံ၌ အလုပ်အကိုင်ရရှိစေရန် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ**
**စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု**

စီမံကိန်း၏ တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန်မှု၊ အရည်အသွေးပြည့်မီမှု၊ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်မှု၊ ဘဏ္ဍာငွေစီမံခန့်ခွဲမှုကိစ္စရပ်များတွင် ကြီးကြပ်ဆောင်ရွက်ရန်နှင့် လိုအပ်သည့်အကြံဉာဏ်များ ပံ့ပိုးကူညီရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ



အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစံပြစီမံကိန်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေမှ စံပြကျေးရွာတစ်ရွာကို တွေ့ရစဉ်။

ယူနန်ဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီမှ တာဝန်ခံ အင်ဂျင်နီယာနှစ်ဦးအား ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှစတင်၍ တာဝန်ပေးခန့်အပ်ခဲ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိအင်ဂျင်နီယာများ အရည်အသွေးစစ်ဆေးရေးအဖွဲ့များနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကာ စီမံကိန်းကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေးစံချိန်စံညွှန်းများကို အကဲဖြတ်သုံးသပ်၍ အစီရင်ခံစာရေးသားပြုစုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၎င်းအပြင် စီမံကိန်းလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Joint Project Management Office (JPMO)အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)တွင် ဖွဲ့စည်းထားရှိပြီး စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့၊ စီမံကိန်းအရည်အသွေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ဝယ်ယူရေးနှင့် တင်ဒါစိစစ်လက်ခံရေးအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းထားရှိခဲ့ပါသည်။ စီမံကိန်း စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် စီမံကိန်းတိုးတက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများအကြား ညှိနှိုင်းဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့အား သတ်မှတ်ချိန်အတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းများကို အချိန်မီပြီးစီးနိုင်ရန်အတွက် တိုက်တွန်းဆောင်ရွက်ခြင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းပါဝင်နိုင်ရေး တိုက်တွန်းစည်းရုံးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**စီမံကိန်းစောင့်ကြည့်စစ်ဆေးအကဲဖြတ်ခြင်း**

စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများအပေါ် အခြေခံအချက်အလက် စစ်တမ်းများကောက်ယူခြင်းနှင့် စီမံကိန်းနှစ်အလိုက် စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ အစီရင်ခံစာရေးသားပြုစုခြင်း၊ ပြင်ပပညာရှင်အဖွဲ့ ငှားရမ်း၍ လေ့လာဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်ကလည်း စီမံကိန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုရုံးမှ တရုတ်နိုင်ငံသားဝန်ထမ်းများအပြင် နိုင်ငံတော်အဆင့်တာဝန်ရှိသူများ စီမံကိန်း Focal ဌာနဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစင်တာ(IPRCC)၏ တာဝန်ရှိသူများကလည်း Supervision Mission များ လာရောက်၍ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ကြီးကြပ်စစ်ဆေးခဲ့ပါသည်။

**စီမံကိန်းအကျိုးရလဒ်နှင့် အကျိုးသက်ရောက်မှု**

ဤစီမံကိန်းသည် အမှန်တကယ် သိသာထင်ရှားစွာ အကျိုးထိရောက်မှုရှိသော စီမံကိန်းလုပ်ငန်းဖြစ်ပြီး တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နီးနီးကပ်ကပ် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ပေးခဲ့ပါသည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၏ ရလဒ်ကောင်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစင်တာနှင့် မြန်မာနိုင်ငံအစိုးရဘက်မှ အဆင့်ဆင့်သော တာဝန်ရှိသူများက အသိအမှတ်ပြု ချီးကျူးခဲ့ကြသလို စီမံကိန်းကျေးရွာသူ ကျေးရွာသားများကလည်း စီမံကိန်းအပေါ် စိတ်ကျေနပ်မှုများရရှိခဲ့ကြောင်း သိရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော "(၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး" တွင် တက်ရောက်လာကြသည့် ကမ္ဘာ့ကုလသမဂ္ဂ စားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ်၉၀ ကျော်က ကွင်းဆင်းလေ့လာနိုင်ရန်အတွက် အေးချမ်းသာကျေးရွာအား စံနမူနာကျေးရွာအဖြစ် ရွေးချယ်ပြသနိုင်ခဲ့ပါသည်။ အဆိုပါ ကိုယ်စားလှယ်များက အေးချမ်းသာကျေးရွာတွင် ကွင်းဆင်းလေ့လာခဲ့ပြီးနောက် ကျေးရွာ၏စီမံကိန်းဆောင်ရွက်ထားရှိမှုများကို နိုင်ငံတကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စံပြစီမံကိန်းတစ်ခုဖြစ်သည်ဟု အသိအမှတ်ပြုခဲ့ကြပါသည်။

စီမံကိန်းကျေးရွာနှစ်ရွာတွင် လိုအပ်သော အသက်မွေးဝမ်းကျောင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများပို့ချခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စီမံကိန်းကျေးရွာနေ ရွာသူရွာသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီး ကျေးရွာတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး စဉ်ဆက်မပြတ် ထုတ်ကုန်များ ရရှိလာစေခြင်းဖြင့် စီးပွားရေးအခြေခံကောင်းများ ရရှိလာစေပါသည်။

ကျေးလက်ဒေသ အခြေခံအဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းကျေးရွာ၏ လူနေမှုအဆင့်အတန်းမြင့်မားလာ၍ လူမှုစီးပွားဘဝများ သိသာစွာဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာခဲ့ပြီး စီမံကိန်းကျေးရွာနှစ်ရွာ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်ခဲ့ပါသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာသဖြင့် ကျေးရွာသူ ကျေးရွာသားများအတွက် အခွင့်အလမ်းများပေးစွမ်းနိုင်သည့် လူမှုပတ်ဝန်းကျင်ကောင်းများ တိုးတက်ဖြစ်ပေါ်လာခြင်းနှင့် ပျော်ရွှင်ဖွယ် ဘဝနေထိုင်မှုပုံစံများ ပိုင်ဆိုင်လာစေရန် မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအား မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းဓလေ့များ၊ ကျေးရွာသူကျေးရွာသားများ၏ ဓလေ့ထုံးတမ်းများနှင့်ပေါင်းစပ်၍ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂေဟဗေဒစနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသိပညာမြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ခြင်းအားဖြင့် ကျေးရွာသူကျေးရွာသားများသည် သင်ယူရရှိခဲ့သော အသိအမြင်များကို ကျင့်သုံး၍ စီမံကိန်းလုပ်ငန်းများအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်းကျေးရွာနှစ်ရွာမှ ကျေးရွာသူ ကျေးရွာသားများသာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဆက်စပ်ဌာနများမှ ဝန်ထမ်းများလည်း နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့် အတွေ့အကြုံကောင်းများ ရရှိခဲ့ပါသည်။

**ခေတ်မီစံပြကျေးရွာစီမံကိန်း**
**(Smart Village)မွေးဖွားခြင်း**

ဤစီမံကိန်းမှ ရရှိလာသော ဖွံ့ဖြိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ၁၀ နှစ်တာ ကာလအတွင်း ကျေးလက်ဦးစီးဌာနက ဆောင်ရွက်ခဲ့သော ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ၏ အတွေ့အကြုံကောင်းများအပေါ် အခြေခံ၍ ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးရေးဆိုင်ရာပညာရှင်များက ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းကို ဒီဇိုင်းရေးဆွဲဖော်ထုတ်ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့တွင် ကျေးရွာတစ်ရွာစီ Pilot အဖြစ်ရွေးချယ်၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ကျေးရွာ ၈၈ ရွာအထိ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်**

ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းမှရရှိသော အကျိုးရလဒ်များကို အခြေခံ၍ "တရုတ်နိုင်ငံအထောက်အပံ့ဖြင့် အရှေ့အာရှဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း(အဆင့်-၂) (China-Aided East Asia Poverty Reduction Cooperation Project Phase-II (Myanmar)"ကို ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၅ သန်းဖြင့် တိုင်းဒေသကြီးနှစ်ခုရှိ ကျေးရွာနှစ်ရွာစီနှင့် ရွှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့သည့် စီမံကိန်းကျေးရွာနှစ်ရွာတို့၏ စီမံကိန်းလုပ်ငန်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် နှစ်နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သော **အရှေ့အာရှဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစံပြစီမံကိန်း**၏ အစီအစဉ်ဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းများသည် စီမံကိန်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုရုံးများမှ ဝန်ထမ်းများ၏ စည်းရုံးဆောင်ရွက်မှု၊ ကျေးရွာသူ ကျေးရွာသားများ၏ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကျေးရွာရန်ပုံငွေ ထူထောင်နိုင်သည်အထိ ဝင်ငွေရရှိလာခြင်း၊ ကျေးရွာကော်မတီဝင်များအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာများကို သင်ကြား/ ဖြန့်ဝေပေးနိုင်ခြင်း၊ ရွာသူရွာသားများအနေဖြင့်လည်း မိသားစုဝင်ငွေတိုးတက်လာစေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အထောက်အကူပြုနိုင်ခဲ့ကာ စီမံကိန်းကျေးရွာနှစ်ရွာရှိ လုပ်ငန်းများ ရေရှည်လည်ပတ်ထိန်းသိမ်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ခေတ်မီစံပြကျေးရွာများ နှစ်စဉ်တိုးချဲ့ဆောင်ရွက်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် ပျံချီကျေးရွာရှိ Golden Sunland ဆန်စက်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ စက်ရုံတာဝန်ခံက လက်ရှိစက်ရုံတည်ဆောက်နေမှု၊ စက်ရုံအနီးရှိ တောင်သူများနှင့် Contract Farming ဆောင်ရွက်နေမှု၊ စပါးခွံလောင်စာအား Gasifier စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး တပ်ဆင်ထားမှုကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စိုင်ခေါင်းရိုးကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် Contract Farming ဆောင်ရွက်သည့် မိုးစပါး ၃၁၂ ဧက စိုက်ပျိုးထားရှိသည့် စိုက်ကွင်းသို့ရောက်ရှိပြီး ဒေသခံတောင်သူများက စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ ဓာတ်မြေဩဇာရရှိရေး၊ မျိုးကောင်းမျိုးသန့် စပါးများရရှိရေးတို့ကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို စံပြဖြစ်စေရေးနှင့် ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်စေရေး၊ Clean City ၊ Green City ၊ Smart City ဖြစ်စေရေးနှင့် လယ်ယာကဏ္ဍနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းများ ရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က ဒေသဖွံ့ဖြိုးရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြို့မိ/မြို့ဖများက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်နှင့် ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသ မဟာထေရ်မြတ်တို့ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်ကြီးအားဖူးမြော်၍ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ် ကျုံကကျေးရွာ၌ မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

**သထုံ စက်တင်ဘာ ၂၁**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သထုံခရိုင် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးအတွက် မွမ်းမံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကျုံကကျေးရွာရှိ ရန်ကင်းကျောင်းတိုက်၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ခရိုင်အသေးစား စက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်အေးက အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးဆောင်ရွက်မှုအဖြစ် ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း သင်တန်းဖွင့်အမှာစကားပြောကြားပြီးသင်တန်းသူများထံ သင်တန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၁၅ ဦးတို့ တက်ရောက်ကြပြီး စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ၁၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သင်တန်းပြီးဆုံးပါက လုပ်ငန်းထူထောင်လိုသူ ငါးဦးအား စိစစ်ရွေးချယ်ကာ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ချင်းပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ကိုဦး ဦးစီးသောအဖွဲ့က ဟားခါးမြို့ ဈေးဟောင်းရပ်ကွက်ရှိ ဇေတဝန်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စေတီတော်မြတ်ကြီး၏ ရင်ပြင်တွင် တံမြက်စည်းလှဲခြင်းများ ဆောင်ရွက်ခဲ့ကြစဉ်။ ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကံပို ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၃၀ တို့က စက်တင်ဘာ ၂၁ ရက်တွင် အမှတ်(၉၃) ရပ်ကွက် အောင်သုခပရိယတ္တိစာသင်တိုက်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# ကျိုက်မရောမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ကျိုက်မရော စက်တင်ဘာ ၂၁**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက ကျေးရွာအတွက် အကျိုးရှိစေပြီး ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကောင်ထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ခုနစ်ရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀ စီ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျုံပျော်မြို့နယ်၌ ဝက်မွေးမြူသူများထံသို့ တိရစ္ဆာန် အစာအိတ်များ ပေးအပ်

**ကျုံပျော် စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ် ရန်ပုံငွေဖြင့် ဝယ်ယူသည့် တိရစ္ဆာန်အစာအိတ်များအား ကျုံပျော်မြို့နယ်အတွင်းရှိ ဝက်မွေးမြူသူများထံသို့ ဖြန့်ဖြူးပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ယနေ့နံနက် ၉ နာရီခွဲက ပြုလုပ်သည်။

ဦးစွာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာထွန်းမင်းက တိရစ္ဆာန်အစာအိတ်များ ဖြန့်ဖြူးပေးအပ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ ဆက်လက်ဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးတင်လှိုင်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းမင်းနိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝက်စာ ၅ ကီလိုဂရမ်အိတ် ၁၀၀ အား ဝက်မွေးမြူသူများထံသို့ဖြန့်ဖြူးပေးအပ်ရာ မြို့နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရုရှားသမ္မတ ဗလာဒီမာပူတင် တရုတ်ထိပ်တန်း သံတမန် ဝမ်ယိနှင့် တွေ့ဆုံ



**စိန့်ပီတာစဘတ် စက်တင်ဘာ ၂၁**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် စိန့်ပီတာစဘတ်တွင် အလည်အပတ်ရောက်ရှိနေသော တရုတ်ထိပ်တန်း သံတမန် ဝမ်ယိနှင့် စက်တင်ဘာ ၂၀ ရက်က တွေ့ဆုံခဲ့ပြီး အုပ်စုဖွဲ့ထိပ်တိုက်ရင်ဆိုင်မှုကိုတွန်းလှန်ကာ နိုင်ငံတကာတရားမျှတမှုကို အကာအကွယ်ပေးမည်ဟု နှစ်ဖက်အကြား ကတိပြုခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ဗဟိုနိုင်ငံခြားရေးရာကော်မရှင်ရုံး အကြီးအကဲ ဝမ်ယိသည် ရုရှားနိုင်ငံသို့ စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ လာရောက်လည်ပတ်ခဲ့သည်။

ယခုနှစ် မတ်လတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်မှုသည် နှစ်နိုင်ငံကြားဆက်ဆံရေးတွင် ခေတ်သစ်တစ်ခုဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။ ထိုအချိန်မှစ၍ နှစ်ဖက်အကြားရရှိခဲ့သော အရေးကြီးသော သဘောတူညီချက်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှု၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် အားကစားစသည့် နယ်ပယ်အသီးသီးတွင် အပြုသဘောဆောင်သောရလဒ်များ ထွက်ပေါ်လာခဲ့သည်။

ရုရှားနိုင်ငံသည် အနောက်နိုင်ငံများမှ ချမှတ်ထားသော တစ်ဖက်သတ် ပိတ်ဆို့အရေးယူမှုများ၏ သက်ရောက်မှုကို ကျော်လွှားနိုင်ခဲ့ပြီး ရုရှား၏စီးပွားရေးသည် ယခုနှစ်တွင် ပုံမှန်အတိုင်း ပြန်လည်ကောင်းမွန်လာကာ တရုတ်နိုင်ငံနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် ရုရှားက အဆင်သင့်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကို အလွန်တန်ဖိုးထားပြီး ခိုင်မာစွာ ထောက်ခံကာ၊ BRI ကို အပုပ်ချခြင်းကို ဆန့်ကျင်ပြီး ဒေသတွင်း ပေါင်းစည်းမှုကို မြှင့်တင်ရန်အတွက် Eurasian Economic Union နှင့် BRI အကြား ညီညွတ်မှုကိုမြှင့်တင်ရန် ဆန္ဒရှိကြောင်း ပူတင်က အလေးအနက်ပြောကြားခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များအကြား ယခုနှစ်အတွင်းတွေ့ဆုံမှုမှ တစ်ဆင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်ကို ချမှတ်နိုင်ခဲ့ပြီး ဆက်ဆံရေးမြှင့်တင်နိုင်ခဲ့ကြောင်း ဝမ်ယိက ပြောကြားသည်။

ခေါင်းဆောင်များအကြား ရရှိခဲ့သည့် သဘောတူညီချက်များကို အခြေခံလုပ်ငန်းမူဘောင်များအဖြစ်ခံယူကာ ပူးပေါင်းဆောင်ရွက်ရေးကို ထပ်မံမြှင့်တင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား – စီဂျီတီအင်န်**
**ဘာသာပြန် – စိုးသူရ**



# ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ ယခုနှစ်၏ ကမ္ဘာ့ထောင်စုနှစ်ရည်မှန်းချက် စွမ်းဆောင်ရည်ဆုရရှိ

**တိုကျို စက်တင်ဘာ ၂၁**

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ထောင်စုနှစ်ရည်မှန်းချက်များကို ဆောင်ရွက်ရာတွင် ၎င်း၏ ပံ့ပိုးကူညီမှုကြောင့် ယခုနှစ်၏ ကမ္ဘာ့ထောင်စုနှစ်ရည်မှန်းချက် စွမ်းဆောင်ရည်ဆုကို ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့ထောင်စုနှစ်ရည်မှန်းချက်စွမ်းဆောင်ရည်ဆုသည် ဆင်းရဲမွဲတေမှုအဆုံးသတ်ရေး၊ အရည်အသွေးမီပညာရေးပြန့်ပွားရေးနှင့် ဂေဟစနစ်များကို ကာကွယ်ပေးရန်ရည်ရွယ်ပြီး ဘီလ်ဂိတ်ဖောင်ဒေးရှင်းက ဂုဏ်ပြုတည်ထောင်ခြင်းဖြစ်သည်။

နည်းပညာကုမ္ပဏီ မိုက်ခရိုဆော့ဖ် ပူးတွဲတည်ထောင်သူ ဘီလ်ဂိတ်က ဂျပန်ဝန်ကြီးချုပ် ကီရှီဒါအား စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပသည့် အခမ်းအနားတွင် ကမ္ဘာ့ထောင်စုနှစ်ရည်မှန်းချက် စွမ်းဆောင်ရည်ဆုကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုနှစ် ဟီရိုရှီးမားမြို့၌ကျင်းပသည့် Group of Seven ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့ထောင်စုနှစ်ရည်မှန်းချက်ဆိုင်ရာ ဆွေးနွေးမှုများကို ဂျပန်ဝန်ကြီးချုပ်က ဦးဆောင်ပြုလုပ်ခဲ့ကြောင်း ဘီလ်ဂိတ်ဖောင်ဒေးရှင်းက မှတ်ချက်ပြုပြောကြားသည်။

၂၀၃၀ ပြည့်နှစ်တွင် ပန်းတိုင်များရောက်ရှိရန် ကြိုးပမ်းရာတွင် ယခုနှစ်သည် အလယ်အလတ်မှတ်တိုင်ဖြစ်ကြောင်းနှင့် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရန် ဆောင်ရွက်ရာတွင် အခက်အခဲများရှိနေသေးသည့်အတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် ယခင်ကထက် ပိုမိုကြိုးပမ်းကြရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# နမီးဘီးယားနိုင်ငံတွင် သစ်တောပြုန်းတီးမှု ကာကွယ်ရေးဆောင်ရွက်

**ဝင်းဒေါ့စ် စက်တင်ဘာ ၂၁**

နမီးဘီးယားနိုင်ငံတွင် သစ်တောပြုန်းတီးမှု ကာကွယ်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ပိုဟန်ဗာရှီဖီဒါက ပြောကြားသည်။

၎င်းအစီအမံများတွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ပါဝင်သည်။

နမီးဘီးယားနိုင်ငံ မြို့တော် ဝင်းဒေါ့စ်တွင် ကျင်းပသည့် ညီလာခံတွင် သဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့် ခရီးသွားလာရေးဝန်ကြီး Pohamba Shifeta က သစ်ပင်နှင့် သစ်တောများသည် မရှိမဖြစ်လိုအပ်သောဂေဟစနစ် ဝန်ဆောင်မှုများကို ပေးနေပြီး သစ်ပင်နှင့် သစ်တောများ၏ အရေးပါသည့် အခန်းကဏ္ဍကို အလေးပေးပြောကြားခဲ့သည်။

အဆိုပါညီလာခံသည် နိုင်ငံအတွင်းရှိ သစ်တောများ အနာဂတ်အတွက် နောက်ထပ်ခြေလှမ်းများကို စုစည်းထားခြင်းဖြစ်ပြီး သစ်တောအခြေခံလုပ်ဆောင်ချက်များသည် နမီးဘီးယားနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် ရည်မှန်းချက်ကြီးသော လုပ်ငန်းစဉ်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

စီမံခန့်ခွဲထားသော သစ်တောများသည် ရာသီဥတုပြောင်းလဲမှု၊ မြေယာပျက်စီးမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းအပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများစွာအတွက် ဖြေရှင်းနည်းများကိုပံ့ပိုးပေးကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။ ရပ်ရွာလူထု စိုက်ပျိုးရန်အတွက် သစ်ပင်မျိုးစိတ်များ ရရှိစေရန် နမီးဘီးယား သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနသည် စတင်ဆောင်ရွက်ခဲ့ကြောင်း Shifeta က ပြောကြားသည်။

လာမည့်လတွင် ကျရောက်သည့် နမီးဘီးယားနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြင်ဆင်မှုတွင် နမီးဘီးယားလူမျိုးများအား သစ်ပင်စိုက်ပျိုးခြင်း၊ မတူညီသော သစ်ပင်မျိုးစိတ်များအကြောင်း လေ့လာခြင်း၊ သစ်ပင်စိုက်ပျိုးပွဲများအတွင်း စေတနာ့ဝန်ထမ်းလုပ်ဆောင်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းအဖွဲ့အစည်းများကို ပံ့ပိုးပေးခြင်းတို့ဖြင့် ပါဝင်ဆောင်ရွက်ရန် ၎င်းက တိုက်တွန်းခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံ၏ အာကာသစခန်းမှ စတုတ္ထအကြိမ်မြောက်သင်ခန်းစာ တိုက်ရိုက်ပို့ချ

**ပေကျင်း စက်တင်ဘာ ၂၁**

တရုတ်နိုင်ငံ၏ အာကာသစခန်းမှ စတုတ္ထအကြိမ်မြောက် သင်ခန်းစာများ တိုက်ရိုက်ထုတ်လွှင့်ခြင်းကို ရှန်ကျိုး ၁၆ အာကာသယာဉ်မှူး Jing Haipeng၊ Zhu Yangzhu နှင့် Gui Haichao တို့က စက်တင်ဘာ ၂၁ရက်တွင် ဆောင်ရွက်ခဲ့ပြီး ကမ္ဘာမြေပေါ်ရှိ ကျောင်းသားများအား သင်ခန်းစာများ သင်ကြားခဲ့သည်။



ပေကျင်းရှိ Beihang တက္ကသိုလ် အပါအဝင် မြေပြင်ပေါ်တွင် စာသင်ခန်းငါးခန်း ပြင်ဆင်ထားသည်။ အာကာသယာဉ်မှူးများက အာကာသအတွင်းမှ ၎င်းတို့၏ လုပ်ငန်းခွင်ကို ကျောင်းသားများအား ပြသခဲ့ပြီး ကျောင်းသားများ၏ မေးခွန်းများကို ဖြေကြားခဲ့သည်။

ယခုပို့ချချက်သည် တိုင်ဂွန်အာကာသစခန်း၏ မန်တိန်းဓာတ်ခွဲခန်း module မှ ပို့ချသော ပထမဆုံး သိပ္ပံပို့ချချက်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဇန်နဝါရီလမှ ယခုအချိန်အထိ ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံခြားသားခရီးသည် ၃ ဒသမ ၈ သန်းကျော် လာရောက်ခဲ့

**မနီလာ စက်တင်ဘာ ၂၁**

ဇန်နဝါရီလမှ ယခုအချိန်အထိ ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံခြားသားခရီးသည် ၃ ဒသမ ၈ သန်းကျော် လာရောက်ခဲ့ကြောင်း ဖိလစ်ပိုင်ခရီးသွားဝန်ကြီး ခရစ်တီးနားဖရာစ်ကိုက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ အရေအတွက်သည် ယခုနှစ်အတွင်း ရည်မှန်းထားသည့် နိုင်ငံခြားခရီးသွား ၄ ဒသမ ၈ သန်း၏ ၈၀ ရာခိုင်နှုန်းကျော်ရှိကြောင်း ခရစ်တီးနားဖရာစ်ကိုက ခရီးသွားကုန်သွယ်မှုပြပွဲတွင် ပြောကြားသည်။

ယခုနှစ်အတွင်း နိုင်ငံခြားသားခရီးသည် ၄ ဒသမ ၈ သန်းလျာထားချက်အပြင် ပြည်တွင်းခရီးသွား ၈၅ သန်းကျော်ရရှိရန် ရည်မှန်းထားသည်။ ဖိလစ်ပိုင်၏ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာချိန်တွင် ဂေဟစနစ်ထိန်းသိမ်းရေးဆိုင်ရာ ခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန်၊ နိုင်ငံတစ်ဝန်းရှိ ခရီးသွားလုပ်ငန်းအသိုက်အဝန်းကို မြှင့်တင်ရန်နှင့် အမွေအနှစ်ထိန်းသိမ်းခြင်းတွင် ပုဂ္ဂလိကကဏ္ဍကိုပါဝင်ရန် ခရစ်တီးနားဖရာစ်ကိုက တိုက်တွန်းပြောကြားသည်။

တရားဝင်အချက်အလက်များအရ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် ၂ ဒသမ ၆၅ သန်းကျော်ရရှိခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၄ ဘီလီယံရရှိခဲ့ပြီး နိုင်ငံ၏ပြည်တွင်းထုတ်ကုန် စုစုပေါင်း၏ ၆ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ လေဆိပ်များ အဆင့်မြှင့်တင်ခြင်း၊ ခရီးသွားနေရာအသစ်များ ဖော်ဆောင်ခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ခြင်းဖြင့် နိုင်ငံခြားသားခရီးသည်များကို ပိုမိုဆွဲဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ငွေကျပ်သိန်း ၇၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂ သိန်း သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၁

မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ငွေကျပ်သိန်း ၇၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် ခရေပင်ရိပ်မွန်လမ်းတွင် သတင်းအရ ဇော်မင်းထွန်း(ခ)ကိုနေ၊ သန့်ဇင်ဦး၊ ဇော်လွင်၊ ကျင်သိန်း (ခ)မောင်စိုးနှင့် အန်တောနိုတို့ငါးဦးကို Saloon ယာဉ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းနှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၉ နာရီတွင် ရွှေပြည်သာမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ ဖမ်းမိတရားခံ သန့်ဇင်ဦး နေထိုင်သည့် နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၂ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၇၂၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ko Lay Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၄)ရပ်ကွက်နေ လေးဝင်းအား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Nyi Naing (nyi naing)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဇင်မင်းထွန်း(ခ) ညီနိုင်အား မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Thet Ko Ko Lin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကုန်းတန်းကျေးရွာနေ သက်ကိုကိုလင်း(ခ) ကိုသက်အား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Aung Ko Ko Hein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အောင်သာယာရပ်ကွက်နေ အောင်ကိုဟိန်း၊ "Nyinyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာနေ ညီညီလွင်နှင့် "Nyi Nyi Htwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကျိုက်မရောမြို့နယ် ကြံတောကျေးရွာနေ ညီညီထွေးတို့အား ည ၈ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်သွေးလှူဘဏ်၌ စုပေါင်းသွေးလှူ

မြိတ် စက်တင်ဘာ ၂၁

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မိုးသက် ဦးဆောင်မှုဖြင့် မြိတ်ပြည်သူ့ဆေးရုံ သွေးလှူဘဏ်တွင် ယနေ့နံနက်



၉ နာရီက မြိတ်ခရိုင်ရှိ ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းနှင့် မိသားစုဝင်များ စုပေါင်းပြီး သွေးလှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းရာတွင် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် လုံခြုံရေးတပ်ခွဲ၊ မြိတ်နှင့် ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မြိတ်)၊ လေကြောင်းရဲတပ်ဖွဲ့(မြိတ်)၊ ရေကြောင်းရဲတပ်ဖွဲ့(မြိတ်)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မြိတ်)နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စိတ်(မြိတ်)တို့မှ အရာရှိ/အခြားအဆင့်တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းနှင့် မိသားစုဝင်များ စုပေါင်း၍ သွေးလှူဘဏ်သို့ လှူဒါန်းခဲ့ကြသည်။

ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၄၁ ဦးနှင့် မိသားစုဝင်နှစ်ဦး စုစုပေါင်း ၄၃ ဦးတို့ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြပြီး သွေးလှူဒါန်းကြသူများအား မြိတ်ခရိုင်ရဲတပ်ဖွဲ့က ကြက်ဥ၊ Royal D အအေးဘူးနှင့် သွေးအားတိုးဆေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၉-၂၀၂၂ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အာဋာနာဋိယသုတ်) |
| ၀၆:၂၅ | တိပိဋကရေတိပိဋကကောဝိဒမဟာဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တကုမာရာဘိဝံသ၏ထေရုပ္ပတ္တိမှတ်တမ်း |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | ညောင်လွန့်တောရ |
| ၀၈:၁၅ | နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း |
| ၀၈:၃၅ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူမှုစီးပွားသတင်းများ |
| ၁၁:၂၀ | ဒေသတစ်လွှာစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၂) |
| ၁၂:၃၅ | မြန်မာဇာတ်လမ်းတွဲ 'ချွန်တွန်းနှင့် အစိန့်ပရအပေါင်းဆိုင်' (အပိုင်း-၁၃) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၂၄) |
| ၁၅:၂၅ | လူငယ်ရေးရာအစီအစဉ် |
| ၁၆:၃၅ | အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ(ရန်ကုန်) နှစ်(၃၀)ပြည့်ပုလဲရတု 'ပုလဲရတုမှသည် အနာဂတ်ဆီသို့စကားဝိုင်း' (အပိုင်း-၁) |
| ၁၇:၁၅ | ဒသမအကြိမ်မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗဟုသုတပြဇာတ်ဆိုပွဲတော် (အပိုင်း-၂) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ 'ချွန်တွန်းနှင့် အစိန့်ပရအပေါင်းဆိုင်' (အပိုင်း-၁၄) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | "Music Travellers-8" တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ် |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Awayyar Horntu (Sein Lei Lei) |
| 07:08 | Waso or the Buddhist Lent |
| 07:15 | Underwater Photographer |
| 07:38 | Nutritious Avocado Foods |
| 08:01 | News |
| 08:28 | Let's go to....Natural Paradise |
| 09:01 | Listening Pleasure, Instrumental Music (Mandolin) Daydreaming |
| 09:12 | From Bamboo Strip to Sublime Buddha |
| 09:34 | Aesthetic Painting on Pathein Umbrella |
| 09:47 | Wushu Kids & Their Limit (Ep-2) |
| 10:01 | News |
| 10:27 | Topical Topics (No. 23) Enhance Capacity in Leader's Life & Seek Ways for the Emergence of Society |

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ခရုပင်းမွန်ချက်

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (ဟင်္ဂါပါးဘုရားနှင့် လယ်ထွန်းမင်္ဂလာအကြောင်း)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ဒေသထွက်အစားအစာ ရှောက်ချိုသီးစိုက်ပျိုးနည်း

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်(ဆွေမျိုးဆိုင်ရာ အခေါ်အဝေါ်များ)

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ဒူးကွင်း(ခေါ်)ကူတိုးဒူပြုလုပ်ပုံ

**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
မိသားစုဝင်ငွေတိုးစေဖို့ ငါးခူမွေးကြစို့

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
မော်ဆန့်တဲ့အလှတရားများရှိရာငှက်ကျွန်း

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကျေဂက်ကစ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ကျန်းမာရေးအတွက် ကောင်းကျိုးများသည့် မဟာကာကြံဆစ်

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်း(ချိုး)တို့၏ရှေးရိုးရာလေးပေဒင်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | ECONOMIC REVIEW (Part-50) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၁၅ | ရသစုံစွာဤမြေကမ္ဘာ |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | PR SYSTEM စကားဝိုင်း (MWD) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၃) |
| ၁၈:၀၀ | Economic Review (အပိုင်း-၂၀) (ငွေစက္ကူသစ်၏အကျိုးသက်ရောက်မှုများ) |

### MRTV FARMERS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၅ | ချစ်စရာ့မချမ်းသော |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၁၈:၀၀ | ကိုကိုလက်မ (ဇာတ်လမ်း) |
| ၂၂:၀၀ | Sri Lanka Organic Agriculture Documentary |
| ၂၃:၀၀ | Livestock on the Land - Full-Length Film |
| ၂၃:၃၀ | A Day In the Life of A Cattle Farmer! |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Sports Diary |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၄၀ | Soccer View |

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

နေပြည်တော် စက်တင်ဘာ ၂၁

ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီက အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများ ယှဉ်ပြိုင်ရန် စာမူများဖိတ်ခေါ်ကြောင်း ယနေ့ကြေညာသည်။

ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဟူ၍ ဘာသာရပ် ငါးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ သတ်မှတ်ထားသော ဘာသာရပ်တိုင်းတွင် တစ်ဦးတည်းက တစ်မျိုးစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ပခုက္ကူဦးအုံးဖေ စာပေဆုအတွက် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် လေးသိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပခုက္ကူဦးအုံးဖေစာပေဆု ဘာသာရပ် ငါးမျိုးအတွက် စာပေပြိုင်ပွဲဝင်လိုသူများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကိုယ်ရေးရာဇဝင် အပြည့်အစုံ ဓာတ်ပုံနှစ်ပုံဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၇) လမ်းနှင့် ကုန်သည်လမ်းထောင့် အမှတ် (၅၂၉-၅၃၁) ရှိ စာပေဗိမာန်သို့ ပေးပို့ရမည်ဖြစ်သည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ်(၅၂၉-၅၃၁) ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်သို့ ငွေကျပ် ၁၅၀၀ ဖြင့် ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများနှင့် စည်းကမ်းချက်များကို မှာယူနိုင်ကြောင်း သိရသည်။

**စာပေဗိမာန်**




# ကျောက်တော်မြို့ အထက(မြို့မ)ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

ကျောက်တော် စက်တင်ဘာ ၂၁

ရခိုင်ပြည်နယ် ကျောက်တော်မြို့ အခြေခံပညာအထက်တန်းကျောင်း အထက(မြို့မ)၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီခွဲက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ အခြေခံပညာအထက်တန်းကျောင်း အထက(မြို့မ) ကျောင်းအုပ်ဆရာကြီး ဦးစောလှကျော်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြူဖြူဝင်းက လူငယ်စကားဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားရာတွင် လူငယ်များ အသိပညာ ဖွံ့ဖြိုးတိုးတက်စေရန်၊ လူငယ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ ရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူတော်လူကောင်းများ ဖြစ်လာစေရန်၊ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်မည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ကျင်းပရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဦးစီးအရာရှိ ဒေါ်ဖြူဖြူဝင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးစောလှကျော်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အခြေခံပညာအထက်တန်းကျောင်း အထက(မြို့မ)မှ Grade- 9 ကျောင်းသူက လူငယ်နှင့်စာဖတ်ခြင်း၊ Grade- 8 ကျောင်းသား မောင်ရဲမြတ်မင်းက လူငယ်နှင့်နည်းပညာ၊ Grade- 11 ကျောင်းသူ မမြတ်ဝေလှိုင်က သင်ယူနည်းမှန် လူထူးချွန်၊ Grade- 9 ကျောင်းသား မောင်ခန့်စေလင်းက လူငယ်နှင့်အားကစား၊ Grade-8 ကျောင်းသား မောင်ဉာဏ်လင်းမောင်မောင်က မူးယစ်ဆေးဝါးနှင့် နောက်ဆက်တွဲဆိုးကျိုးများ စသောခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်ပြပွဲများအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကျောက်တော်(ပြန်/ဆက်)**



# လှည်းကူးမြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

လှည်းကူး စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက လှည်းကူး အထက (စာဘူးတောင်း)ဂန္ဓမာခန်းမ၌ ကျင်းပသည်။

ဦးစွာ လူငယ်စကားဝိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အမှာစကားပြောကြားပြီး လှည်းကူးခရိုင် ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးက လူငယ်များ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး မြှင့်တင်ပေးရန် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဆိုသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန် စကားပြောအတတ်ပညာများ ကျွမ်းကျင်တတ်မြောက်ပြီး လူအများရှေ့တွင် ရဲဝံ့စွာ စကားပြောဆိုတတ်စေရန် လူငယ်စကားဝိုင်းများကို ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အထက(စာဘူးတောင်း)မှ အထက်တန်းပြ ဆရာမ ဒေါ်သူဇာထွန်းတို့က ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်ပြီး အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ငါးဦးတို့က လူငယ်နှင့် စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူ ငါးဦးတို့က ပြန်လည်ဖြေကြားကြသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်အတွင်းရှိ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပသည်။

လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုးက ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခန့်သွင်က မုဒိတာစကား ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်မှူး ဒေါ်စန္ဒာမိုး က "လူငယ်နှင့် စာရိတ္တပညာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အထက(၂)ကျောင်းအုပ်ဆရာကြီး ဦးကိုကိုနိုင်က "လူငယ်နှင့် ပညာရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊



စာရေးဆရာမ သင်းလဲ့လဲ့ထွန်းက "လူငယ်နှင့် မူးယစ်ဆေးဝါး"ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ ကျောင်းသား ကျောင်းသူစုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးစာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မိုးမိုးခိုင်(ပြန်/ဆက်)**



# အင်းစိန်မြို့နယ်၌ ကျောင်းကြက်ခြေနီနှင့် ရှေးဦးပြုစုခြင်းသိကောင်းစရာ ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ကျောင်းကြက်ခြေနီနှင့် ရှေးဦးပြုစုခြင်း အသိပညာပေး သိကောင်းစရာများ ဟောပြောပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက အင်းစိန်မြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အင်းစိန်မြို့နယ် ကြက်ခြေနီအသင်း တပ်ဖွဲ့မှူး ဦးနီထွန်းက ရှေးဦးပြုစုခြင်းပညာရပ်များ၊ ကြက်ခြေနီ စတင်ဖြစ်ပေါ်လာပုံ၊ အခြေခံမူ(၇)ချက်၊ အရေးပေါ်လူနာများ အသက်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှောင်ရန်၊ ဆောင်ရန် အချက်အလက်များနှင့် ရှေးဦးပြုစုခြင်း၊ အသိပညာပေးသိကောင်းစရာများကို ဟောပြောပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက မေးခွန်းများ၏ ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးစည်သူဇော်၊ တပ်ဖွဲ့မှူး ဦးနီထွန်းနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ရှေးဦးပြုစုခြင်းပညာရပ်များကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၁**

၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ (အမျိုးသမီး) နှင့် မြို့နယ်ပေါင်းစုံ(အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီအသီးသီးမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အနယ်နယ်အရပ်ရပ်မှ ပင်ကိုဗီဇ ကောင်းမွန်သော ရွက်ပုန်းသီးအားကစားသမားများပေါ်ထွက်လာစေရန်၊ မိမိဝါသနာပါရာ အားကစားနည်းတစ်ခုခုကို လေ့လာလိုက်စားခြင်းဖြင့် ကောင်းမွန်သောအခြေခံစိတ်ဓာတ်များရရှိပွားများလာစေရန်၊ ကျန်းမာကြံ့ခိုင်သော လူငယ်လူရွယ်များပေါ်ထွက်လာစေရန်၊ ဒေသတွင်းအားကစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထူးချွန်ထက်မြက်သော လက်ရွေးစင်ပိုက်ကျော်ခြင်းအားကစားသမားများပေါ်ထွက်လာစေရန်ရည်ရွယ်ကျင်းပခြင်းများနှင့် ပြိုင်ပွဲဝင်





စည်းကမ်းများအတိုင်း လိုက်နာယှဉ်ပြိုင်ကစားသွားကြရန်တို့ကို ပြောကြားပြီး ပြိုင်ပွဲအား စတင်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အားကစားသမားများကို လိုက်လံနှုတ်ဆက်ကာ အားကစားပစ္စည်းများပေးအပ်၍ ချမ်းအေးသာစံမြို့နယ်နှင့် တံတားဦးမြို့နယ် အသင်း ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲများကို အောက်တိုဘာ ၂၆ ရက်အထိ နေ့စဉ်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❂ ကျောဖုံးမှ**

အုပ်စု (က) အခြားပွဲတွင် အိန္ဒိယအသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့သည်။ နှစ်ပွဲစီကစားအပြီးတွင် အိမ်ရှင်တရုတ်အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် နောက်တစ်ဆင့်တက်ရောက်သွားပြီး မြန်မာအသင်းနှင့် အိန္ဒိယအသင်းက သုံးမှတ်စီရရှိထားကာ ဘင်္ဂလားဒေ့ရှ်အသင်းမှာမူ နှစ်ပွဲစလုံးအရေးနိမ့်ပြီး အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၂၄ ရက်တွင် အိန္ဒိယအသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ – MFF**

---

**❖ AFC Cup မှ**

ရှမ်းယူနိုက်တက်အသင်းသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ဇွဲထက်မင်း၊ ရဲမင်းသူ၊ မိုကာလူး၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ မျိုးကိုထွန်း၊ မတ်ခ်ဆာကီ၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်၊ ဘယ်လိုတို့ဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်ဖြင့် ဂိုးရရန် ကြိုးပမ်းခဲ့သည်။ မက်ကာသာအသင်းမှာမူ ရှမ်းယူနိုက်တက်၏ အမှားကိုစောင့်ကာ ဂိုးရရန် ကြိုးပမ်းခဲ့သည်။ မိနစ် ၂၀ တွင် ရှမ်းယူနိုက်တက်အသင်း ပင်နယ်တီပေးခဲ့ရပြီး တိုက်စစ်မှူး ဂျာမိန်းက သွင်းယူခဲ့သဖြင့် မက်ကာသာအသင်း အဖွင့်ဂိုးရခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ ပြောင်းလဲခဲ့ပြီး မက်ကာသာအသင်းသည် ပွဲပြီးခါနီးတွင် အနိုင်ဂိုးများ ဆက်တိုက်ရရှိခဲ့သည်။ မက်ကာသာအသင်းအတွက် ဂိုးများကို ၈၄ မိနစ်တွင် အူဂလာနှင့် ၉၀+၅ မိနစ်တွင် လီချာလန်ရို့စ်တို့က သွင်းယူခဲ့သည်။

အုပ်စု (F) အခြားပွဲတွင် ကမ္ဘောဒီးယားကလပ် ဖနောင်ပင်ခရောင်းအသင်းက ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းကို အဝေးကွင်းတွင် သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် အောက်တိုဘာ ၅ ရက်တွင် ကမ္ဘောဒီးယားကလပ် ဖနောင်ပင်ခရောင်းအသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

---

## ခရိုင်အဆင့်(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက ၊ အရေး ၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရမည်းသင်း စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အဆင့်(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၂၁ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထက်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မင်းဟန်၊ ခရိုင်လဝက ဦးစီးမှူး ဦးစိုးမြင့်နှင့် ဦးစံထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး



ခရိုင်ပြိုင်ပွဲကျင်းပရေးကော်မတီ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့်ဂုဏ်ပြုဖျော်ဖြေခဲ့ကြပြီးပျော်ဘွယ်မြို့ ဂီတအစည်းအရုံး ဘဏ္ဍာရေးမှူး ဒေါ်ဆွေဆွေအောင်က မြန်မာသံစဉ်ဖြင့်ညှော့ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရမည်းသင်းခရိုင်အဆင့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက ၊ အရေး ၊ အတီးပြိုင်ပွဲကို ကျင်းပရာအသက်အပိုင်းအခြားအလိုက် မဟာဂီတ၊ ခေတ်ဟောင်းတေး/ကာလပေါ်၊ အက၊ အတီးပြိုင်ပွဲ စုစုပေါင်း ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက တစ်ဦးချင်းဆုများ ချီးမြှင့်ပေးအပ်သည်။ ခရိုင်အဆင့်တွင် ပထမဆုရရှိသူများသည် တိုင်းအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## သီပေါမြို့နယ်၌ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဖြန့်ဖြူးသည့် ဒေသဝက်များအား လွှဲပြောင်းပေးအပ်ပွဲ ပြုလုပ်

**သီပေါ စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဖြန့်ဖြူးသည့် ဒေသဝက် အကောင် ၅၀ ကို ကျေးရွာကော်မတီသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ရွာသစ်ကျေးရွာအုပ်စု နားမုံကျေးရွာ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာအောင်ဖြူဦးက မြို့နယ်အတွင်းမွေးမြူသူဦးရေနှင့် တိရစ္ဆာန်ကောင်ရေ တိုးတက်များပြားလာစေရန်၊ ကျေးလက်နေပြည်သူတို့၏ ဝင်ငွေတိုးတက်လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဒေသဝက်များ ဖြန့်ဖြူးပေးရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာကော်မတီဝင်များဖြစ်သည့် မွေးမြူရေးတောင်သူ ၁၁ ဦးသို့ ဒေသဝက် အကောင် ၅၀ ကို တာဝန်ရှိသူက ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါ အခမ်းအနားသို့ ကျေးရွာရှိမွေးမြူရေးတောင်သူ ၇၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**၂၁၀**

---

## (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်ခရိုင်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ညောင်လေးပင် စက်တင်ဘာ ၂၁**

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်ရဲတပ်ဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂ နာရီက ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။



အဆိုပါ စုပေါင်းသွေးလှူဒါန်းရာသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ညောင်လေးပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်နိုင်ထွန်းနှင့် ညောင်လေးပင်ခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးများက ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းကြသည့် ခရိုင်နှင့် မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင် ၂၀ အား လာရောက်ကြည့်ရှုအားပေးပြီး ညောင်လေးပင်ခရိုင် ရဲတပ်ဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနက အချိုရည်၊ ကြက်ဥ၊ မုန့်၊ အားဆေးနှင့် အာဟာရဖြည့်စွက်စာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟိန်းသူနိုင် (ပြန်/ဆက်)**

---

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၃ -၉ – ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၃၈) တွင် အဆိပ်ရည်သောက်ပြီး ရန်ဖြစ်ကြသော မျောက်ဝံကြီးနှစ်ကောင်ကို ဆုံးမပေးသည့် ဘရသေ့အကြောင်း တင်ဆက်ထားသည့် "အဆိပ်ရည်" မျက်နှာဖုံးကာတွန်း၊ ကလေးများသည် ကျောင်းစာတော်ရန်သာမက … ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားသင့်ကြောင်း သူငယ်ချင်းနှစ်ယောက် ပြောဆိုခြင်းကို တင်ဆက်ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ သူ့အပြစ်ကြောင့် ဘကြီးဟန်အိမ်ကမှန်ကွဲသွားသည်ကို အမေ့ကို ပြေးပြီးပြောရမည်ဆိုသောဆင်ခြေပေးသည့်ပေါ်တောလေးအကြောင်း ရေးဖွဲ့ထားသည့် "ပေါ်တောလေး" တစ်မျက်နှာကာတွန်း၊ နာမည်ကောင်းသည်၊ ဆိုးသည်မှာ မိမိ၏လုပ်ရပ်နှင့်သာ သက်ဆိုင်ကြောင်း တာတီးကို သူ့ဖခင်က ဆုံးမထားပုံကို တင်ဆက်ထားသည့် "တာတီး-နားလည်ပါပြီ" နှစ်မျက်နှာကာတွန်း၊ အလုပ်ရှင်အပေါ် ရိုးသားပြီး သစ္စာရှိသော ကိုအောအကြောင်း တင်ဆက်ထားသည့် "ကိုအော- ရိုးသားမှုဂုဏ်" နှစ်မျက်နှာကာတွန်း၊ ဆရာဝန်က ခေါင်းနှင့်ပတ်သက်၍ သူ့အဖေကို အလုပ်မလုပ်ရန် ပြောသည်ကို ဟာသဖြစ်ဖွယ်ပြောထားသည့် အာကူးအကြောင်း တင်ဆက်ထားသည့် "ဒါ့ကြောင့်ကိုး" မျက်နှာဝက်ကာတွန်းကဏ္ဍ၊ မိုးတွင်းကာလတွင် သစ်ပင်စိုက်ခြင်းဖြင့် ပတ်ဝန်းကျင်ကို စိမ်းစိုစေပြီး အရိပ်ရသည့်အကြောင်း ရေးဖွဲ့ထားသည့် "သစ်ကောင်းတစ်ပင်"ကဗျာကဏ္ဍ၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၈-၉-၂၀၂၂ ရက်မှအဆက်

“ကဲ ဦးဝင်းအောင် အိမ်ပေါ်ကိုသာ တန်းကြွပါ။ ဒီမှာ အားနာစရာကြီး” ဟု ပြောပြောဆိုဆို နေရာမှ ထလိုက်သည်။

“အို အို အို နေပါစေ ဌေး။ ဒီပန်းခြံထဲမှာပဲ ကောင်းပါတယ်။ လေကောင်းလေသန့်လည်း ရပါတယ်”

ဦးဝင်းအောင်က ပျာပျာသလဲ ဆိုလိုက်လေသည်။

“ပြီးတော့ ...”

ဦးဝင်းအောင်သည် သူ့စကားကို ရုတ်တရက် ဖြတ်လိုက်ကာ ခင်သန်းဌေး၏ မျက်နှာလေးအား ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။

“အခုလိုဌေးနဲ့နှစ်ယောက်ချင်းအေးအေးဆေးဆေး တွေ့တုန်းမှာ ဌေးကို နည်းနည်း စကားပြောချင်လို့ပါ”

ဦးဝင်းအောင်က ယင်းသို့ နိဒါန်းခံ၍ ခွင့်တောင်းလိုက်ပြီးနောက် ခင်သန်းဌေးထံမှ အဖြေကို စောင့်နေဟန်ဖြင့် ကြည့်နေသည်။

ခင်သန်းဌေးမှာ အိမ်ရှင်တစ်ယောက် ဖြစ်နေ၍ ဦးဝင်းအောင်၏ စကားကို ငြင်းပယ်ရန် ခက်လှသည်။ ထိုကြောင့်လည်း ခင်သန်းဌေးသည် စကားလက်ခံပြောပါမည် ဟူသောအနေဖြင့် မူလနေရာ ခုံတန်းလျားတစ်ဖက်စွန်းသို့ ပြန်၍ ထိုင်ချလိုက်ရတော့သည်။

သည်တော့မှလည်း ဦးဝင်းအောင်သည် တစ်ဖက်ခုံစွန်းသို့ ထိုင်ချလိုက်ရတော့သည်။

ထိုနောက်တော့ ခင်သန်းဌေးသည် ဦးဝင်းအောင်အား တစ်ချက်ဝင့်၍ အကဲခတ်လိုက်ရင်း သီကုံးလက်စ ဇွန်ပန်းလေးများကို ဆက်လက် သီကုံးနေသည်။ ဦးဝင်းအောင် ပြောမည့်စကားကိုလည်း အသာနားစွင့်နေသည်။ ဘယ်လိုအကြောင်းအရာများ ဖြစ်လေသနည်း။

“တကယ်တော့ ကျွန်တော်ဟာ ဒီစကားကို ပြောဖို့ ရည်ရွယ်နေတာဟာ အချိန်အတော်ကြာပါပြီ။ ဒါပေမဲ့ ဒီလိုပြောနိုင်ဖို့ အခြေအနေကလည်း အခွင့်မသာခဲ့ဘူး။ နောက်ပြီး ဌေးရဲ့သိက္ခာကိုလည်း တစ်ဖက်က လေးစားနေရပြန်တော့ ပြောသင့် မပြောသင့်ကို ချင့်ချိန်နေရပါသေးတယ်။ နောက်ဆုံးတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်အသည်းနှလုံးမှာ ခံစားနေရတဲ့ ဝေဒနာတစ်ခုကို ကာယကံရှင်သိအောင်တော့ ဖွင့်ပြောသင့်တယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အခုလို ဖွင့်ပြောရတာပါ”

ဦးဝင်းအောင်ဆိုလိုသည့်အဓိပ္ပာယ်ကို ခင်သန်းဌေးက ရိပ်မိလိုက်ပါပြီ။

ထိုကြောင့်လည်း သူ့ကို ဖျတ်ခနဲ ကြည့်လိုက်၏။ သူသည် သူ၏ရှေ့ရှိဇွန်ပန်းချုံကို လေးနက်စွာ စူးစိုက်၍ကြည့်ရင်း တစ်လုံးချင်းပြောပြန်သည်။

“နောက်ပြီးတော့လည်း ဌေးတို့ ကျွန်တော်တို့အရွယ်တွေကလည်း မြီးကောင်ပေါက် အရွယ်ကလေးတွေလို တစ်ဦးနဲ့တစ်ဦး မေတ္တာစကားတွေ သီကုံးဖွဲ့နွဲ့နေကြရမယ့် အရွယ်တွေလည်း မဟုတ်တော့ပါဘူး။ “ဘာပဲ” ဆိုတာကိုသာ ပွင့်ပွင့်လင်းလင်းနဲ့ ရင်ဖွင့်ကြဖို့ပဲ ရှိတော့တာပဲ မဟုတ်လား”

ယခုတော့ ခင်သန်းဌေး၏ နှလုံးများသည် တုန်စပြုလာ၏။

ထိုကြောင့်လည်း ဇွန်ပန်းလေးများ သီရာတွင် အယောင်ယောင်အမှားမှား ဖြစ်လာ၏။

“အဲဒီတော့ ကျွန်တော် ဌေးကို လိုရင်းပဲ ပြောပါရစေတော့”

ဦးဝင်းအောင်သည် သူ့စကားကို ရှေ့မဆက်ဘဲ ဖြတ်ထားသည်။ သည်ကဲ့သို့ဦးဝင်းအောင်က သူ့စကားကို ရှေ့မဆက်ဘဲ ဖြတ်ထားခြင်းသည် မိမိအားစူးစိုက်ကြည့်ကာ အကဲခတ်နေသည်ဟု ခင်သန်းဌေးက မော့မကြည့်ဘဲ စိတ်တွင်းက အလိုလိုသိနေသည်။

ထိုနောက် ဦးဝင်းအောင်၏ စကားလုံးများသည် တစ်လုံးချင်း လေးလေးပင်ပင်ထွက်လာတော့သည်။

“အဲဒီတော့ ကျွန်တော့်ကို ဌေး လက်ထပ်ပါလို့”

“ရှင်”

ခင်သန်းဌေးမှာ ကျဉ်စက်နှင့် အတို့ခံလိုက်ရဘိအလား တစ်ကိုယ်လုံးတွင် ကျဉ်ခနဲသောဝေဒနာတစ်ရပ်ကို ပြင်းပြင်းထန်ထန်ကြီး ခံစားလိုက်ရသည်။ ထိုမှတစ်ဆက်တည်းလည်း တုန်လှုပ်ချောက်ချား၍သွားကာ ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။

အမှန်တော့လည်း ခင်သန်းဌေးမှာ ယခုကဲ့သို့ အသက်အရွယ်ရောက်လာသည့်တိုင်အောင် မည်သို့သော ဖိုသတ္တဝါ ယောကျ်ားတစ်ဦးတစ်ယောက်၏ လူပျိုစကား အပြောခံရခြင်းကို သည်ကဲ့သို့ တွေတွေဆိုင်ဆိုင် မျက်နှာချင်းဆိုင်တွင် တစ်ခါဖူးမျှ အပြောအဆို မခံရဖူးခဲ့ချေ။ အထက်တန်းကျောင်းတွင်လည်းကောင်း၊ တက္ကသိုလ်တွင်လည်းကောင်း ယောကျ်ားပျိုတို့၏ မေတ္တာစာအပေးခံရခြင်းမျိုးတော့ ရှိခဲ့ဖူး၏။ သို့သော် မတုန်လှုပ်ခဲ့။ ဂရုလည်း မစိုက်ခဲ့။ သိုသိုသိပ်သိပ်နှင့် ကိုယ့်သိက္ခာကို အမြဲစောင့်ထိန်း၍ မှန်မှန်တည်တည် နေခဲ့သည်။

တစ်ခုတော့ရှိသည်။ ကိုအေးဆွေတစ်ယောက်နှင့်တော့ မောင်နှမလို၊ သူငယ်ချင်းလို ရင်းနှီးစွာဖြင့် နေခဲ့သည်။ ထိုမှ မပိုခဲ့။

ထိုကြောင့်လည်း ခင်သန်းဌေးမှာ ရှက်ခြင်း၊ ကြောက်ခြင်း၊ ရွံ့ခြင်းတို့သည် တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာကာ တစ်ကိုယ်လုံးသည် ဆတ်ဆတ်တုန်လာသည်။ မျက်နှာမှာလည်း ရှက်သွေးများဖြာ၍ လျှံတက်လာတော့သည်။ မည်သို့သောစကားမျိုးကို ပြန်လည်ပြောရမှန်း မသိအောင်ပင် ကတုန်ကယင်ကြီး ဖြစ်လာတော့သည်။

“ဌေး၊ ကျွန်တော့်ကို စိတ်ဆိုးသလား”

ဦးဝင်းအောင်က ခင်သန်းဌေး၏ မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေသည့်အခြေအနေကိုအကဲခတ်လျက် မေးလိုက်သည်။

“စိတ်မဆိုးပါနဲ့ ဌေးရယ်၊ တကယ်တော့ ကျွန်တော့်ရင်ထဲမှာရှိတာကို ဖွင့်ပြလိုက်တာပါပဲ။ ဌေး စိတ်ဆိုးရင်လည်း ကျွန်တော်ခံဖို့ အသင့်ပါပဲနော် ဌေး။ စိတ်မဆိုးပါနဲ့နော်”

ဦးဝင်းအောင်က ပျာပျာသလဲနှင့် တောင်းပန်တိုးလျှိုးနေသည်။ ခင်သန်းဌေးကမူ မည်သို့မျှ ပြန်မပြော။ ခေါင်းငုံ့၍သာ တုန်ယင်နေသော လက်ဖျားလေးများဖြင့် ဇွန်ပန်းလေးများကို ဖောက်ထိုးပြောင်းပြန် သီချင်သလိုသီနေသည်။

“ပြီးတော့ အခု အဖြေပေးရမှာလည်း မဟုတ်ပါဘူး။ ဌေး စဉ်းစားပါ။ အချိန်ယူပြီး လေးလေးနက်နက် စဉ်းစားပါ။ အဖြေရတဲ့နေ့ကျမှသာ ကျွန်တော့်ကို စကားပြန်ပါလို့။ ကဲ ဌေး ကျွန်တော် ပြန်ဦးမယ်နော်”

ဦးဝင်းအောင်သည် သူ့ဖဲ သူ့ဟာသူချိုး၊ သူ့ဟာသူဝေကာ သူ့ဟာသူစားသွားသော ဖဲသမားတစ်ယောက်ကဲ့သို့ ယခုလည်း ဦးဝင်းအောင်မှာ ရောက်သည့်အချိန်မှစ၍ သူပြောချင်သည့်စကားများကို သူ့ဟာသူ တရစပ်ပြောသွားကာ ဆုံးဖြတ်ချက်ကိုလည်း သူ့ဟာသူပေး၍ သူ့ဟာသူယူသွားသည်။ ထိုနောက်တော့ သူသည် ပြောပြောဆိုဆို နေရာမှထလိုက်သည်။

“ဟင် ကိုဝင်းအောင်ပါလား”

ထိုအခိုက် ဒေါ်လေးသည် တစ်ဖက်ပန်းချုံကြားထဲမှ ရုတ်တရက်ပေါ်လာရင်း ဦးဝင်းအောင်အား နှုတ်ဆက်လိုက်သည်။ ဦးဝင်းအောင်သည် ရုတ်တရက်တော့ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ပြီးမှ ဣန္ဒြေဆည်လျက်–

“ဟုတ် ဟုတ်ကဲ့ မညွန့်မေ” ဟု ပြန်လည်နှုတ်ဆက်လိုက်၏။

“ဩော် ကြည့်စမ်း၊ အားနာစရာကြီး ဌေးရယ်။ အောက်မှာ ဧည့်ခံရတယ်လို့။ ကဲ ကဲ ကိုဝင်းအောင်၊ အိမ်ထဲကိုသွားရအောင်ပါ။ ဘယ် ဒီမှာမကောင်းပါဘူး၊ အားနာစရာကြီး”

ဒေါ်လေးသည် ဦးဝင်းအောင်အား ရွှန်းရွှန်းဝေအောင်ပြောရင်း အိမ်ထဲသို့ ဖိတ်ခေါ်နေသည်။

“နေပါစေ မညွန့်မေ။ ကျွန်တော်ရောက်တာလည်း ကြာပါပြီ။ အခု ကျွန်တော်ပြန်တော့မလို့”

“ဘယ်ဟုတ်ရမှာလဲ ကိုဝင်းအောင်ရဲ့၊ ရောက်တဲ့အခါ အေးအေးဆေးဆေးပေါ့။ ထမင်းစားပြီးမှပြန်တာပေါ့။ မနက်က ဈေးက ယုန်သားရလာလို့ ယုန်သားဟင်း ချက်ထားတယ်။ ကိုဝင်းအောင် အကြိုက်ဟင်းလေ”

“ကျေးဇူးတင်ပါတယ် မညွန့်မေ၊ မစားပါရစေနဲ့တော့။ ညနေ ၆ နာရီမှာ အစည်းအဝေးသွားဖို့အတွက် အချိန်နီးကပ်နေလို့ပါ။ အခု ၅ နာရီတောင် ခွဲနေပါပြီ။ နောက်တော့ စားပွဲမယ်ဗျာ နော် မညွန့်မေ။ ကဲ ကျွန်တော်ပြန်ပါဦးမယ်။ ဌေး ကျွန်တော်ပြန်မယ်နော်”

ဒေါ်လေး မညွန့်မေက မည်ကဲ့သို့ပင် ရွှန်းရွှန်းဝေအောင်ပြောပြီး လောကွတ်တွေချော်နေစေကာမူ ဦးဝင်းအောင်ကတော့ ပြောပြောဆိုဆိုနှင့်ပင် နှုတ်ဆက်၍ ထွက်သွားတော့သည်။

သည်တော့မှလည်း ခင်သန်းဌေးမှာ ဣန္ဒြေရလာ၍ ခေါင်းလေးမော့ကာ ကြည့်ရဲတော့သည်။ သို့တစေလည်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ထားသူပမာ မလုံမလဲဖြစ်နေသည်။

ဤသည်တို့ကို ရိပ်စားမိသောဒေါ်လေးသည် ခင်သန်းဌေးအား တစ်လှည့်၊ ထွက်ခွာသွားသော ဦးဝင်းအောင်အားတစ်လှည့် မျက်မှောင်လေးကုတ်၍ ကြည့်ရင်း အကဲခတ်နေတော့သည်။

[ ၃၁ ]

ထိုအချိန်မှစ၍ ခင်သန်းဌေးသည် ဦးဝင်းအောင်နှင့် နှစ်ယောက်ချင်း မတွေ့ဆုံမိအောင် အတတ်နိုင်ဆုံး ရှောင်နေတော့သည်။ ဧည့်ခန်းတွင်လည်းကောင်း၊ ပန်းခြံထဲတွင်လည်းကောင်း ဦးဝင်းအောင်လာတတ်သောအချိန်များတွင် တစ်ယောက်တည်းထိုင်နေခြင်းကို တမင်ရှောင်ကြဉ်၍နေသည်။ မေမေ၊ ဖေဖေ၊ ဒေါ်လေးတို့ရှိလျှင်သာ ရဲရဲထိုင်ဝံ့တော့သည်။ အကယ်၍ ထိုအချိန်များတွင် ဦးဝင်းအောင်ရောက်လာလျှင် ခင်သန်းဌေးသည် မသိမသာ ရှောင်ခွာထွက်လာတတ်သည်။

တစ်ခါတစ်ရံ ခင်သန်းဌေးတစ်ယောက် သူ့အခန်းထဲတွင်ရှိနေစဉ် ဦးဝင်းအောင်သည် ရောက်လာတတ်ကာ ခင်သန်းဌေးအားမမြင်၍ မေးတတ်သည်။ ထိုနောက် မေမေကပါ ခေါ်ယူတတ်သည်။ ထိုအခါများတွင် ခေါင်းကိုက်သည်၊ ခါးကိုက်သည်ဟု အကြောင်းပြကာ အတွေ့မခံဘဲ နေလိုက်သည်။

တစ်ခါတစ်ရံ ခင်သန်းဌေးသည် ဧည့်ခန်းတွင် အမှတ်မဲ့ဆိုသလို တစ်ယောက်တည်းထိုင်နေစဉ် ဦးဝင်းအောင် ဖြုန်းခနဲဆိုသလို ရောက်လာတတ်၏။ ထိုအခါ ခင်သန်းဌေးသည် သူစကားမစမီပင် မီးဖိုချောင်ဘက်သို့ ကော်ဖီဖျော်ရန် အကြောင်းပြ၍ ချက်ချင်းလိုပင် ထွက်လာတတ်သည်။ ထိုနောက် ဒေါ်လေးကိုပါ တွေ့အောင်ရှာပြီး ဧည့်ခန်းသို့ခေါ်သွားတတ်သည်။

ဒေါ်လေးကမူ ဦးဝင်းအောင်နှင့်သာ စကားပြောရမည်ဆိုလျှင် ထမင်းမစား၊ ဟင်းမစား ပြောမည့်ဒေါ်လေးပင်။ အများအားဖြင့်လည်း ဦးဝင်းအောင်မို့ရောက်လာလျှင် ဒေါ်လေးကသာ ဧည့်ခံစကားပြောတတ်သည်။ တကယ်တော့ မေမေ၊ ဖေဖေတို့က သူတို့ကိစ္စအသီးသီးဖြင့် ဟိုဟိုသည်သည် သွားလာနေတတ်ရာ အမြဲတမ်းအိမ်မြဲနေသူမှာ ဒေါ်လေးတစ်ယောက်သာ ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**


**“တကယ်တော့ ကျွန်တော်ဟာ ဒီစကားကိုပြောဖို့ ရည်ရွယ်နေတာဟာ အချိန်အတော်ကြာပါပြီ။ ဒါပေမဲ့ ဒီလိုပြောနိုင်ဖို့ အခြေအနေကလည်း အခွင့်မသာခဲ့ဘူး။ နောက်ပြီး ဌေးရဲ့သိက္ခာကိုလည်း တစ်ဖက်က လေးစားနေရပြန်တော့ ပြောသင့် မပြောသင့်ကို ချင့်ချိန်နေရပါသေးတယ်။ နောက်ဆုံးတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်အသည်းနှလုံးမှာ ခံစားနေရတဲ့ဝေဒနာတစ်ခုကို ကာယကံရှင်သိအောင်တော့ ဖွင့်ပြောသင့်တယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အခုလို ဖွင့်ပြောရတာပါ”**

**“နောက်ပြီးတော့လည်း ဌေးတို့ ကျွန်တော်တို့ အရွယ်တွေကလည်း မြီးကောင်ပေါက် အရွယ်ကလေးတွေလို တစ်ဦးနဲ့တစ်ဦး မေတ္တာစကားတွေ သီကုံးဖွဲ့နွဲ့နေကြရမယ့် အရွယ်တွေလည်း မဟုတ်တော့ပါဘူး။ “ဘာပဲ” ဆိုတာကိုသာ ပွင့်ပွင့်လင်းလင်းနဲ့ ရင်ဖွင့်ကြဖို့ပဲရှိတော့တာပဲ မဟုတ်လား”**


ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၈**

ဒေါ်ခင်မာအေး (တရားလို) နှင့် ဒေါ်မြကြည် (တရားပြိုင်)

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ သရဖူလမ်း၊ အမှတ်–၁၂၆နေ ဒေါ်မြကြည် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌ တရားလိုက **" ပဋိညာဉ်အတိုင်း အိမ်နှင့်မြေကွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆုတ် ၆ ရက် )နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အမည်မှန်
အဖ ဦးအင်ဘာအူရားနော်၏သား မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကြာရာပတ္တီး(B)၊ နယ်မြေ(၁၃)၊ အမှတ်(၁၃၀)နေ မောင်အင်ဘာလ ၏အမည်မှန်မှာ မောင်ဖုန်နန်းအောင် ဖြစ်ပါသည်။

## အမည်မှန်
အဖ ဦးလှဆိုင်း ၏သမီး ဝိုင်းမော်မြို့၊ အထက(၁)၊ Grade–8(D) မှ မဆိုင်းရာ ၏အမည်မှန်မှာ မဂျာနူးပန် ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်
မြစ်ကြီးနားမြို့ ၊ ရွှေအိုက်ရပ်ကွက်၊ အမှတ်(၈၃၈)နေ (ဘ) ဦးအောင်ရာဇာ ၏သမီး မနှင်းနဒီလှိုင် [၁/မကန(နိုင်)၂၅၂၂၅၀]၏ မွေးသက္ကရာဇ်အမှန်မှာ (၂၂–၁၁–၂၀၀၃) ဖြစ်ပါသည်။

## အများသိစေရန်ကြေညာခြင်း
